


mgyoe.com
mgyoe.com

mgyoe.com

မျက်နှာဖုံးပန်းချီ - တော်တီဆွေ
တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ၊
ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ ကြောင်နှစ်ကောင်စာပေတိုက်။
ထုတ်ဝေသူ
ဒေါ်သီတာမြင့်၊ စာစည်းစိမ်စာပေ(၀၂၇၈၅)၊
အမှတ် ၂၁၊ လှော်ရွေးဝင်းလမ်း၊ ၁၄ ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ
ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။

ရောင်းဈေး - ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com

# လမင်းလိုက်မုဆိုး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း ၁

လတ်လတ်ဆတ်ဆတ် စုတ်ဖြဲခံရသော စွယ်တော်ရွက် အပိုင်းအစများသည် ကတ္တီပါဖိနပ်ကလေးကို ဖွဖွလေး စီးထားသော ခြေဖမိုးကလေးတစ်စုံရှေ့သို့ တဖွဲဖွဲကျလာခဲ့သည်။ ပန်းရောင်လက်သည်းနီကို ဆိုးထားသော လက်ချောင်းဖြူဖြူဖောင်းဖောင်းကလေးတစ်စုံက စွယ်တော်ရွက်ကလေးတွေကို ဖွဲ့စုတ်ပစ်နေခြင်းဖြစ်၏။

ပေတစ်ရာပတ်လည် တိုက်ပုကလေးရှိသော ခြံဝင်းအတွင်းမှ အိမ်ရှေ့ပန်းခြံရှိ နောက်မှီမပါသော ခုံတန်းပြာကလေးတွင် ထိုင်နေသော အဆင်သင့်ဖီးလိမ်းပြင်ဆင်ထားသည့် ဆံပင်တိုတို မိန်းကလေးတစ်ယောက်က စွယ်တော်ရွက်ကလေးတွေကို အေးအေးဆေးဆေးထိုင်ကာ တစ်စစီ စုတ်ဖြဲပစ်

mgyoe.com

m.gyoe.com

နေခြင်းဖြစ်သည်။

အသေအချာကြည့်မည်ဆိုလျှင် ထိုမိန်းကလေး၏ လှ
သော နှုတ်ခမ်းကလေးမှာ မသိမသာမဲ့၍နေသည်။ စွယ်တေ
ရွက်တစ်ရွက်ကို ဖြဲစုတ်ပြီးနောက် ဖြူဖြူဖောင်းဖောင်း လက
ချောင်းကလေးများကို အချင်းချင်းခါကာ စေ့ရုံစေ့ထားသေ
သံတံခါးရှိသည့် ခြံဝင်းဘက်သို့ လှမ်းကာ ငေးသည်။ ခြံတံခ
သည် ငြိမ်သက်တိတ်ဆိတ်လျက်. . .ခြံတံခါး၏ ဝင်ပေါက
ဘက်သို့ တိုးဝှေ့ကာ ပေါက်ရောက်နေသော ပုဏ္ဏရိပ်ပန်းပ
များမှာလည်း ငြိမ်သက်လျက်. . .။

ကောင်မလေး၏မျက်နှာက ပို၍မဲ့သွားကာ သူမနံဘေ
တွင်ချထားသော စလင်းဘက်(ခ)၏ ဘေးတွင် ချထားသေ
စွယ်တော်ရွက်တစ်ရွက်ကို သက်ပြင်းရှိုက်ရင်း ကောက်ယူက
ခပ်ငေးငေးကြည့်သည်။ ထို့နောက် ထိုစွယ်တော်ရွက်ကလေ
များကို လှပသော လက်ချောင်းကလေးများဖြင့် ရက်စက်စွ
ဖြဲစုတ်ကာ ပစ်လိုက်ပြန်သည်။ ကောင်မလေး၏ နှုတ်ခမ်းဂ
ပို၍ ပို၍ မဲ့ကာ မဲ့ကာ လာ၏။ သူမ၏ခြေရင်းတွင် စုတ်ဖြဲခံ
သော စွယ်တော်ရွက်များ အတော်များနေပြီဖြစ်သည်။

စွယ်တော်ရွက်တစ်ရွက်ကို စုတ်ဖြဲပြီး ခပ်မြန်မြန်ပ
နောက်ထပ်တစ်ရွက်ကို ကောက်ကိုင်ဖို့ လက်လှမ်းတော့
တန်းပြာကလေးပေါ်တွင် စွယ်တော်ရွက်တစ်ရွက်သာ ကျ
တော့သည်။ တစ်ရွက်တည်းကျန်သော စွယ်တော်ရွက်ကို

mgyoe.com

mayoe.com

ချိမ့်ထိတ်လန့်စွာ ကောက်ကိုင်ရင်း အသေအချာကြည့်တော့ ချုက်ကြောတွေက စိမ်းကာ ဖြာနေ၏။ လမင်း သက်ပြင်းကို ရှိုက်ကာ ထိုစွယ်တော်ရွက်ကလေးကို အသာအယာပွတ်သပ် နေမိသည်။

လမင်း၏ မူလဆုံးဖြတ်ချက်အတိုင်းဆိုလျှင်. . .ဒီစွယ် တော်ရွက်ကို စုတ်ဖြဲပြီးလျှင် အိမ်ထဲကို မြန်မြန်ပြေးဝင်. . . အခန်းတံခါးကိုပိတ်၊ ဂျက်ချ။ အပြင်က ဘာသံပဲကြားကြား. . ဘယ်သူပဲ ခေါ်ခေါ် တစ်နေ့လုံး အပြင်မထွက်တော့. .ဆိုသည့် စိတ်နှင့် ခြံထဲ စွယ်တော်ပင်က စွယ်တော်ရွက်တစ်ထပ်ကို ခူး ကာ စုတ်ဖြဲနေမိခြင်းဖြစ်သည်။ အခု နောက်ဆုံး စွယ်တော်ရွက် ကို ရောက်လာပြီ။ နောက်ဆုံးစွယ်တော်ရွက်ကို ကောက်ကိုင် လိုက်ချိန်အထိ ဇော် ရောက်မလာသေး။

အမှန်ဆိုလျှင်တော့ အခုကိုင်ထားသော စွယ်တော်ရွက် ကိုလည်း ခုနက စုတ်ဖြဲပစ်လိုက်သည့် စွယ်တော်ရွက်လိုပင် ကောက်ကိုင်ကတည်းက စတင်စုတ်ဖြဲပစ်လိုက်ဖို့ပဲ ဖြစ်သည်။ သို့သော်. . .လမင်း စုတ်ဖြဲ ပစ်ရက်. . .ဒီ စွယ်တော်ရွက်ကို စုတ်ဖြဲပစ်လိုက်ခြင်းသည်. . .မနေ့ကတည်းက သူ ကြိုတင်စိတ် ကူးထားခဲ့သော ပျော်ရွှင်မှုမျှားကို စုတ်ဖြဲပစ်လိုက်ခြင်းသာဖြစ် သည်။

"ဇော်ရယ်. . .နင့်မှာ နင့်ကို သိပ်ချစ်တဲ့ ချစ်သူတစ် ယောက် ရှိတယ်ဆိုတာကို နှင် သတိမှရရဲ့လား. . .နင် ငါ့ကို

mayoe.com

mgyoe.com

သတိမှ ရသေးရဲ့လား. . .”

အတွေးနှင့် နာရီကို ငုံ့ကြည့်လိုက်တော့ ဆယ့်တစ်နာရီ ဆယ်နာရီကတည်းက တွေ့ဖို့ ချိန်းထားသောချစ်သူသည် လမင်းထံကို ဆယ်တစ်နာရီအထိ ရောက်မလာခဲ့။ လမင်း အ ကို ကြိတ်လိုက်သည်။ ဇော်အကြောင်းပြချက်သည် နောက်ဖေ ကျလျှင်. . .‘သူငယ်ချင်း’. .ဆိုတာပဲဖြစ်လိမ့်မည်။ ဇော် ခင် သော သူငယ်ချင်းတစ်ယောက်ထက် ပို၍ အရေးမကြီးသေ ချစ်သူတစ်ယောက်ဘဝသည် သူမကို ခါးသီးမှုတွေ ဘယ် လောက်ပေးခဲ့ပြီးပြီလဲ။ ချစ်သူနှင့် သူငယ်ချင်းအတူတူချိန်းလျှ ဇော်သည် ချစ်သူကို တောင်းပန်ကာ သူငယ်ချင်းဆီ ရောက် အောင် သွားတတ်သူ. . .။ တစ်ခါတုန်းက လမင်းက စိတ် ပေါက်ပေါက် ရှိသည်နှင့် ပြောခဲ့ဖူးသည်။

“ရှင့်သူငယ်ချင်းတွေကို အဲဒီလောက်ချစ်နေရင် လမင် နဲ့ ရည်းစားလုပ်မနေနဲ့တော့ သူတို့နဲ့ပဲ ချစ်လိုက်တော့”

ဒီတော့. . .ဇော်က ရယ်ကျဲကျဲနှင့် သူမ မေးစေ့ကလေ ကိုကိုင်ကာ ပြန်ဖြေသည်။

“လမင်းကလည်း သူတို့က နမ်းလို့မှ မရတာ”. . .တဲ့

လမင်း ခေါင်းကိုခါရမ်းကာ အတွေးတွေကို နှင်ထုတ် ပစ်လိုက်သည်။ ပြီးတော့. . .တောက်ပစွာဆိုးထားသော ပန်း ရောင်နှုတ်ခမ်းနီတွေနှင့် အောက်နှုတ်ခမ်းကလေးကို ခပ်နာနာ ဖိကိုက်ပစ်လိုက်၏။ ဒီစွယ်တော်ရွက်ကိုဖြဲ. . .ပြီးရင်. . .အခ

mgyoe.com

mgyoe.com

ထဲပြေးဝင်။ အေး. . .မင်း ငိုချင်ရင် ငို လမင်း. . .ငါ ခွင့်ပြုတယ်။

သို့သော် တကယ်တမ်း ဖြစ်ဖို့ကျတော့ လမင်း လက်တွေက မရွေ့။ နောက်ဆုံး. . .ပါစ်ကနေ ငါးဆယ်အထိ ရွတ်လိုက်ဦးမယ်။ နောက်ဆုံး. . .ငါးဆယ်ရောက်တဲ့အထိ မလာရင်တော့ ဒီနေ့အတွက် ကိစ္စက ပြီးပြီ။ တစ်. . .နှစ်. . .သုံး. . .လေး. . ငါး. . သုံးဆယ့်ခြောက်. . .။ လေးဆယ့်နှစ်ကိုရောက်တော့ ဂဏန်းက စိတ်ထဲမှာ နှေး၍ သွား၏. . .။ လေးဆယ့်လေး. . လေးဆယ့်ငါး. . .လေးဆယ့်ရှစ်. . .။

လမင်းမျက်ဝန်းတွေကို မှေးမှိတ်ကာ အံကိုကြိတ်လိုက်သည်။ သို့သော်. . .နာမည်ခေါ်သံကြောင့် မျက်ဝန်းတွေကို ကမန်းကတန်းဆွဲဖွင့်လိုက်တော့ သူမ မျက်နှာထံသို့ တိုးဝင်လာသော အရိပ်ကိုတွေ့လိုက်ရသဖြင့် ခေါင်းကိုထိတ်လန့်တကြားငုံ့လိုက်ရသည်။ ထိုသို့. . .ထိတ်လန့်ခြင်း ခေါင်းငုံ့ကာ ရှောင်လိုက်ခြင်းစသည့်လျင်မြန်သောအပြုအမူတို့ကြားမှာပင်ဝမ်းနည်းအားငယ်နေသောစိတ်သည် လွင့်ပျောက်ကာ ဝမ်းသာပျော်ရွှင်သွားသည်ကို လမင်းခံစားလိုက်ရပါသေးသည်။ ဇော်. . .။

"ဘာတွေလုပ်နေတာလဲ. . .မျက်လုံးမှိတ်ပြီး စွယ်တော်ရွက်ကို ကိုင်လို့. . .ဘာတွေ ဆုတောင်းနေတာလဲ လမင်းရဲ့"

ဇော်က ရယ်ကျဲကျဲလုပ်ကာ နံဘေးတွင် ဝင်ထိုင်လိုက်သည်။ ဖြဲထားသောစွယ်တော်ရွက်များကို မမြင်အောင်. . . ဖိနပ်နှင့်ဖိကာ လက်ထဲမှ စွယ်တော်ရွက်ကို လမင်း မြန်မြန်ဖွက်

mgyoe.com

mgyoe.com

သည်။ မလိုပါဘူးလေ. . .ဇော်က တွေ့ပြီးသားပဲ။

"နင် ကံကောင်းတယ် ဇော်. . .အဲဒီ စွယ်တော်ရွက်ကို ဖြဲပြီးရင် ငါအိမ်ထဲဝင်တော့မလို့"

လမင်းစကားကြောင့် ဇော်က လမင်းကိုမျက်မှောင်ကျုံ့ကာ ကြည့်၏။ ဘာသဘောပါလိမ့်။ သူ ခြံဝက ဝင်လာလာချင်း လှမ်းကြည့်တော့ လမင်း စွယ်တော်ရွက်ကိုကိုင်ကာ မျက်ဝန်းများမှိတ်ထားရင်း နှုတ်မှ တိုးတိုးရွတ်နေတာကို တွေ့လိုက်ရသည်။

"စွယ်တော်ရွက်ကို ဖြဲပြီးရင်. . ."

"ဟုတ်တယ်. . .အခု ဘယ်နှစ်နာရီရှိပြီလဲ. . .ဟောဒီမှာကြည့်. . .ဒါ နောက်ဆုံးစွယ်တော်ရွက်. . .အဲဒါဖြဲပြီးရင်. . .နင်လာလည်း အလကားပဲ ဇော် အခုအချိန်မှီသွားတာ ကံကောင်း"

ဇော်က. . .လမင်း ဖယ်ပြသော ဖိနပ်အောက်မှ စုတ်ပြဲနေသည့် စွယ်တော်ရွက်ကလေးများကို ကြည့်သည်။ ပြီးတော့ ထုံးစံအတိုင်း ပြုံးသည်။ ပြီးတော့ လမင်းလက်ထဲက စွယ်တော်ရွက်ကို လှမ်းယူသည်။ လမင်းက ကျွမ်းကျင်စွာ ရှောင်လိုက်၏။

"ဇော် ခြံဝက ဝင်ဝင်ချင်းတွေ့တာတော့ မင်း အဲဒီ စွယ်တော်ရွက်ကလေးကိုကိုင်ပြီး မျက်စိမှိတ်ထားတာပဲ. . ."

လမင်း မျက်နှာရဲကနဲ ဖြစ်သွား၏။ နှုတ်ခမ်းကို ကိုက်ကာ ကိုယ့်ကိုယ်ကို ကျိန်ဆဲသည်။ ဒါဆို ဇော် အားလုံးတွေ့သွားပြီပေါ့။ အချိန်ပေးမိတာ ငါ့အမှားပဲ။ အမှန်ဆိုလျှင် ထိုစွယ်

mgyoe.com

mgyoe.com

တော်ရှက်ကို ငါးဆယ်အထိရောက်အောင် ရေတွက်မနေဘဲ စုတ်ဖြဲကာ ခုံမှ ထထွက်သွားလျှင်တောင် ဇော်နှင့်တိုးနိုင်သည်။ အဲဒီလိုဆိုရင် လမင်းဘက်က အသာစီးရသွားနိုင်၏။ ထားပါတော့လေ. . .ချစ်သူဆိုတာ အရှုံးပေးရလည်း ကိစ္စမရှိပါဘူး။

"အဲဒါ. . .နင် ကံကောင်းသွားတာ ဇော်. . နောက်ဆုံးအခွင့်အရေးအနေနဲ့ တစ်ကနေ ငါးဆယ်အထိ နင့်ကိုအချိန်ပေးထားတာ. . ."

"ကျေးဇူးပဲ လမင်းရယ်။ နင်ဘာကို ဒေါကန်နေမယ်ဆိုတာ ငါသိပါတယ်။ ငါ ဆယ်တန်းတုန်းက အတန်းဖော် သူငယ်ချင်းတွေရောက်လာတာနဲ့ လက်ဖက်ရည်ဆိုင်မှာ ကြာသွားတာ. .."

"သူငယ်ချင်း. . ."

ရှုံးနိမ့်မည်ဟု တွေးရသည့်ဘက်တွင် ဘယ်တော့မှမမှားခြင်းသည် တစ်ခါတစ်ရံတော့လည်း ကြေကွဲဖို့ ကောင်းနေပြန်သည်။ လမင်းအသံကျယ်သွားသဖြင့် ဇော်က. . .ခေါင်းကို ခါသည်။ ပြီးတော့. . .လမင်းကို ပုံမှန်လှမ်းငေးသည်။

"လမင်းရာ. . .နင်သွားမယ့် ဗိုလ်ချုပ်ဈေးက ထွက်ပြေးသွားမှာမှ မဟုတ်ဘဲ။ ကိုယ့်သူငယ်ချင်းတွေက မတွေ့ရတာ နှစ်နဲ့ချီကြာနေပြီ။ ပြီးတော့ ဒီကောင်တွေက အားတာမဟုတ်"

"ဇော်. . .နင်နဲ့ငါက ချစ်သူတွေဆိုတာကို နင်သတိရော ရရဲ့လား. . ."

mgyoe.com

mgyoe.com

လမင်းက ဖျတ်ခနဲရပ်ကာ ခါးကလေးကုန်း၊ လက်သီးကလေးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ အော်သည်။ ဇော်က ကျွတ်ခနဲ. . .နှုတ်ခမ်းများကိုစုတ်ကာ မျက်လွှာချ၍ ခေါင်းကို ဘယ်ညာရမ်းသည်။

"ကဲပါ. . .လမင်းရယ်. . .အခု ကိုယ်ရောက်လာပြီ မဟုတ်လား"

"မသွားတော့ဘူး. . ."

လမင်းက. . .ဇော့်မျက်နှာနားကပ်ကာ ကုန်းအော်လိုက်သော်လည်း အရှိန်လွန်ကာ ဇော့်နဖူးနှင့် လမင်း သွားဖြူဖြူကလေးများတို့ တိုက်မိကြ၏။ လမင်းလည်း လန့်ကာ ဇော်လည်း ရုတ်တရက်မို့ အံ့သြသွားကာ ထိတ်လန့်သွားပုံရသည်။ ဇော်က နဖူးကို ပွတ်နေချိန်မှာ လမင်း ရယ်မိမည်စိုးသဖြင့် လှည့်ထွက်တော့ ဇော်က. . .လမင်းလက်ကို လှမ်းကာဆွဲသည်။

"လမင်း ကွာ. . .ကိုယ်ရှင်းပြပြီး တောင်းပန်နေပြီပဲ. . ကဲပါကွာ. . .လာ. . .စိတ်မကောက်နဲ့ ဟုတ်ပြီလား"

ဇော်. . .တော်တော်ကလေး ချော့မိခြင်းသာ ဖြစ်သည်။ ဗိုလ်ချုပ်စျေးသွားဖို့ သုံးရက်အလွန်ကတည်းက ကြိုချိန်းထားခြင်း. . .သူ့ဘက်က သူငယ်ချင်းကြောင့် အမှားဖြစ်ရခြင်း. . .ပြီးတော့ လမင်းနှင့် မတွေ့ရတာ၊ အတူဘယ်ကိုမှ မသွားရတာ ဆယ်ရက်လောက်ရှိနေခြင်း. . .စသည်တို့ကြောင့်ဖြစ်၏။ ဒါတောင်မှ လမင်းက လက်ကို မရုန်းသော်လည်း မျက်နှာက

mgyoe.com

mgyoe.com
လှည့်မလာသေး. . .ခက်ပါလား. . .။

"ဟဲ့. . .လမင်း. . .ကိုဇော်. . .ဘာဖြစ်နေကြတာလဲ. ငါက သွားပြီးတောင် ထင်တာ"

လမင်း ဒေါ်ဒေါ်က အိမ်ရှေ့လှေခါးမှ ထွက်လာကာ တအံ့တသြအော်သည့်အခါမှ လမင်းက သူ့လက်ထဲမှ လက်ချောင်းကလေးတွေကို အတင်းရုန်းသည်။ ဒါမျိုးတော့ ဘယ်ရမလဲ. . .သူလုံးဝ လွှတ်မပေးခဲ့။

"ဟုတ်တယ်. . .ဒေါ်ဒေါ်. . .ကျွန်တော်ရောက်တာ နောက်ကျလို့ မသွားဘူးဆိုပြီး စိတ်ကောက်နေတာ"

"ဟင့်အင်း. . .စိတ်ကောက်နေတာ မဟုတ်ဘူး ဒေါ်. လမင်း သွားကို မသွားတော့တာ"

လမင်းက စွန့်စားကာ ပြောခြင်းဖြစ်သည်။ ဒါကိုလည်း သူသိပါသည် လက်ကို မလွှတ်။ လက်ကို လွှတ်လိုက်လျှင် လမင်း ပြေးဝင်သွားမှာလား. . . ရပ်နေမှာလား. . .။

"ကဲ. . .ကဲ. . .အချိန်ရှိတုန်း သွားကြ၊ တော်ကြာ အလကား မိုးချုပ်နေမယ်။ ကိုဇော်ရေ. . .မင်းအမေကို သူမှာတဲ့ သစ်ခွတွေရပြီလို့ ပြောလိုက်. . .လာယူဦးလို့"

"ဟုတ်ကဲ့. . .ဒေါ်ဒေါ်"

ဇော်. .ပြောပြောဆိုဆိုထရပ်ကာ လမင်းလက်ကလေးကိုဆွဲရင်း ထွက်လာခဲ့သည်။ ဒေါ်ဒေါ်ရှေ့က ဖြတ်သွားသည် အထိ လမင်းက ကန်တန်တန် လုပ်နေတုန်း။ နေဦး ဗိုလ်ချုပ်

mgyoe.com

စျေးအပြန် ကန်တော်ကြီးထဲ ခေါ်သွားရဦးမယ်။

ကန်တော်ကြီးထဲရောက်မှ. . . . . . .။

'ဘာပဲဖြစ်ဖြစ် ခြံဝကိုရောက်တော့ လမင်း စိတ်ထဲမှာ ကျေနပ်ပျော်ရွှင်သွားပြီဖြစ်သည်။ ကျေနပ်တာက ဇော်ရောက်လာကတည်းက၊ ပျော်ရွှင်သွားတာက. . .လှည့်အထွက်မှာ တမင်ချန်ထားခဲ့တဲ့ သူ့လက်ကလေးကို ဇော့်လှမ်းဆုပ်ကိုင်ကာ ဖျစ်ညှစ်လိုက်ကတည်းကပင်ဖြစ်သည်။ ဒါပေမယ့် ဟန်ကိုယ့်ဖို့ဆိုတော့ နှုတ်ခမ်းတွေကိုတော့. . .မကျေနပ်သလို ပါလာသယောင် စူထားမိသေး၏။ မျက်ဝန်းတွေကိုတော့ လိမ်၍မရ။ လမင်း၏ပျော်ရွှင်မှုက မျက်ဝန်းထဲမှာ ကြယ်ကလေးတွေလို တောက်ပနေလိမ့်မည်။

ဇော်က ခြံတံခါးကို နောက်ပြန်စေ့ကာ ကတ္တရာလမ်းပေါ် ခြေချတုန်း. . .လမင်းက စလင်းဘက်(ခ)ထဲက ပန်းနုရောင် ဘီးကလေးကိုထုတ်တုန်း ဗြုန်းဆို သူတို့ရှေ့ ကားတစ်စီး ထိုးရပ်လိုက်သည်။ ပြီးတော့ နောက်ခန်းတံခါးဖွင့်ကာ ဆင်းလာသော ဇော့်သူငယ်ချင်းများ. . .။

သို့သော် လမင်း ရဲဝင့်စွာ ရင်ဆိုင်လိုက်ပါသည်။

သို့သော်. . .သူတို့အားလုံးက လမင်းကို မကြည့်ကြ။

"ဇော်လတ်. . .ရှာလိုက်ရတာကွာ. . .လက်ဖက်ရည်ဆိုင်ဆိုလို့ လိုက်. . .ဟိုရောက်တော့ ထွက်သွားပြီဆိုလို့. . .ဒီကို ကမန်းကတန်းလိုက်လာရတာ တော်သေးလို့ပေါ့"



mgyoe.com

mgyoe.com

"ဘာဖြစ်လို့တုန်း မင်းခန့်ရ. . ."

"ဟ. . .ဘာဖြစ်ရမှာတုန်း. . .ကလပ်မှာ ရေသွားကူးမယ်လေ. . .ဥက္ကာတို့နဲ့ ချိန်းထားကြတာ ဒီကောင်တွေက ဒီနေ့ချမယ်ဆိုပြီး အခုမှ **Phone** လှမ်းဆက်လို့"

လမင်း စိုးရိမ်စွာ. . ဇော်ကိုလှမ်းငေးသည်။ ဇော်မျက်နှာမှာ အပြောင်းအလဲတစ်ခုတော့ ဖြစ်သွား၏။ ဇော်က လမင်းကိုလှည့်ကြည့်သည်။ ဇော်နှင့် လမင်း မျက်ဝန်းချင်းဆုံကြသည်။ ထိုမျက်ဝန်းကို ဇော်သိမှာပါလေ. . .။

"ဟာ. . .မအားတော့ဘူးကွ. . .ငါတို့အပြင်သွားကြတော့မလို့. . .သွားကြကွာ"

ဇော့်အဖြေကြောင့် လမင်း ကျေနပ်စွာ ခေါင်းကို ပြန်ငုံ့ချထားလိုက်ရသည်။ ပြုံးကာ ကျေနပ်နေသောမျက်ဝန်းများကို ဇော့်သူငယ်ချင်းများ တွေ့မသွားစေချင်ပါ။ ဇော့်အပေါ် အထင်သေးမည့်အပြုအမူမျိုးဆိုလျှင် အသေးစိတ်ကအစ သူမ သတိထား ရှောင်တတ်ပါသည်။

သူငယ်ချင်းများက အချင်းချင်းကြည့်ကာ ခေါင်းကိုခါရမ်းသည်။ မင်းခန့်က တပ်ထားသောမျက်မှန်ကိုချွတ်ကာ ဖွင့်ထားသောကားတံခါးဘောင်ပေါ် လက်ကိုလှမ်းတင်ရင်း. . .

"မဖြစ်ဘူး ဇော်လတ်. . .မင်းလည်း သိတယ်၊ ဒီကောင်တွေကို ငါတို့မနိုင်ဘူး။ မင်းပဲ ရှိတာ၊ ရှုံးလို့ကျွေးရတဲ့ကြေးကို ငါတို့ မနမြောပေမယ့် အရှုံးကို မလိုချင်တာ. . .မင်းမပါရင်

mgyoe.com

ငါတို့ကွဲပြီ. . .ဒီကောင်တွေကို နိုင်အောင်ပြိုင်ကူးနိုင်တာ မင်းပဲရှိတာ. . .”

သူငယ်ချင်း၏ အားဖျော့စိုးရိမ်သွားသောမျက်နှာကို ငေးကာ ဇော်လတ် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ဒုတိယအကြိမ်လှည့်ကြည့်တော့ လမင်းက ခေါင်းငုံ့ကာ နေ၏။ ရှမ်းကန်မှာ တစ်ဝိုင်းကြေးဆိုပြီး ခပ်ကြောကြောမျက်နှာပေးဖြင့် လက်ဝါးချင်း လှမ်းရိုက်လိုက်သော ဥက္ကာ၏အပြုံးကို ဇော်လတ် ပြန်မြင်ယောင်သည်။ သူ့ကြောင့် ရေကူးပြိုင်ဖို့ ချိန်းလိုက်ကြရသည့်ပွဲ။ ဒီကောင်တွေချည်း သွားလို့ကတော့ ဘယ်နည်းနှင့်မှ မနိုင်။ သူ့ကို ယုံကြည်စိတ်ချစွာဖြင့် လောင်းထားကြသော သူငယ်ချင်းများ အရှုံးနှင့် ရင်ဆိုင်ရ‌ေတော့မည်။ လမင်းကို တကိုယအကြိမ်လှည့်ကြည့်တော့. . .ခေါင်းငုံ့ကာ ငြိမ်သက်နေဆဲ. . .။

ဇော်လတ် လက်ထဲမှာ နွေးနေသော လမင်းလက်ကလေးကို လွှတ်ချလိုက်သည်။ ပြီးတော့ ဖွင့်ထားသောကားနောက်ခန်းထဲ ဝင်ထိုင်လိုက်တော့. .သူငယ်ချင်းများက ဟေးခနဲအော်ကာ ဇော်လတ်ကို လက်ဝါးချင်း လှမ်းရိုက်ကြ၏။ကားစက်နိုးသံ၊ သူ့ကို တအံ့တဩငေးကြည့်နေသော လမင်း၏မျက်ဝန်းများ. . .။ ခွင့်လွှတ်ပါ အချစ်ရာ. . .မင်းက စနစ်တကျစိတ်ကောက်တတ်ပေမယ့်. .ကိုယ့်ချစ်သူပါ။ ကိုယ့်ချစ်သူက ဘယ်နှစ်ကြိမ် အရှုံးပေးပြီး ချော့ရ ချော့ရ ကိုယ်တစိမ်းတွေကို

အရှုံးမပေးချင်လို့ပါ။ လမင်းသည် သူ့စိတ်ထဲက စကားတွေကို မကြား၊ ခြံရှေ့မှာ ဝေး၍ ဝေး၍ ကျန်ခဲ့သည်။

လမင်း ငေးကြောင်ကာ ရပ်နေမိသည်။

သတိရတော့ သူမ ရှေ့မှာ ဘာမှမရှိတော့။ ဒါဟာ အိပ်မက်လား. . .ဟင့်အင်း. . .။ ဇော် သူ့ကို ထားသွားပြီ။ ဇော့်ကိုခေါ်သွားသော သူငယ်ချင်းများ၏ကားသည် အမှုန်အစက်တစ်ခုလို သူ့ရှေ့မှ ပျောက်ကွယ်ကာ သွား၏။ မျက်ရည်တွေ ချက်ချင်းဝိုင်းကာလာသည်။

သတိလက်လွတ်ပြေးကာ ဝင်လာသော သူ့ကို ဒေါ်က လှမ်းမေးသော်လည်း လမင်း ဘာကိုမှ မကြားရတော့၊ အမြင်ကလည်း မကွဲပြား. . .။ အခန်းထဲပြေးဝင်. . .တံခါးကို ဂျက်ချ။ အိပ်ရာပေါ် ကို မှောက်ချလိုက်သည်။ ပြီးတော့. .ပူနွေးသော မျက်ရည်ကို လမင်းကိုယ်တိုင် ပြန်မတွေ့ရအောင် အိပ်ရာခင်းက တာဝန်ကျေစွာ စုတ်ယူသွားသည်။ ဟောဒီ အိပ်ရာကို ညှစ်ချလိုက်ရင် ငါ့မျက်ရည်တွေ စီးကျလာလိမ့်မယ် ဇော်. . .။ အဲဒါ နင့်အတွက် ငါငိုခဲ့ရတာ. . .။ နင့်သူငယ်ချင်းတွေနဲ့ ငါနဲ့ ဆုံတိုင်း ငါကျန်ခဲ့လို့ ငိုခဲ့ရတာ. . .။

အရာအားလုံး မျှော်လွင့်. . .။

ထိုညမှာ ကောင်းကင်ကို မော့ကြည့်မည်ဆိုလျှင်. . .

မျက်ရည်လဲ့နေသော ကြယ်များရှိနေလိမ့်မည်။

လမင်းကိုမူ တွေ့ရလိမ့်မည်မဟုတ်။

mgyoe.com

ကြောင်နှစ်ကောင်စာပေ

mgyoe.com

"သူသူငယ်ချင်းတွေကြောင့် လမင်း ကျခဲ့ရတဲ့မျက်ရည်က သိပ်များနေပြီ ဖွန်း...အရင်တုန်းကတော့ ပြောင်းလဲလာနိုင်ကောင်းရဲ့ဆိုပြီး စိတ်ဆိုးရုံ၊ စိတ်ကောက်ရုံပဲ ထားခဲ့တာ..."

ဖွန်းက လက်သည်းကလေးတွေကို ပုံသွင်းနေရာမှ ဖျတ်ခနဲပြုံးကာ လမင်းကို မော့၍ကြည့်သည်။ ဖွန်းက ဒေါ်ဇော်တစ်ဦးတည်းသောသမီးဖြစ်သည်။ ဖွန်းက လမင်းထက် (၃)နှစ် ငယ်သည်။ လမင်းမေမေက ဒေါ်အစ်မအရင်းဖြစ်ပြီး ဖေဖေရော၊ မေမေရော ကွယ်လွန်သွားချိန်မှစ၍ စီးပွားရေး တောင့်တင်းသော ဒေါ်က လမင်းကို ခေါ်ယူကာ တာဝန်ယူထားခဲ့သည်။ ဖွန်းကိုချစ်သလိုပင် လမင်းကို ဒေါ်တို့က ချစ်ကြပါသည်။ ခေါ်တာတောင်မှ လမင်း ငယ်ငယ်တုန်းကခေါ်သလိုပင် 'ဒေါ်' ဟုသာ ခေါ်ရသည်။ ဒေါ်တို့အိမ်ကို လမင်းဆယ်တန်းကျောင်းသူဘဝက စ,ရောက်သည်။ ထိုနှစ်မှာပင် ဆယ်တန်းအောင်ပြီး ဒေါ်တို့၏တစ်အိမ်ကျော်က ဇော်လတ်နှင့် ချစ်သူတွေဖြစ်ခဲ့ကြသည်။ ဇော်နှင့် လမင်း ချစ်သူတွေဖြစ်ခဲ့ကြသည်ကို ဒေါ်ရော...ဇော့်မေမေရော သိရှိသဘောတူထားပြီး နောက်ဆုံးနှစ်စာမေးပွဲအောင်စာရင်းများထွက်လျှင် လက်ထပ်ပေးကြဖို့ သဘောတူထားခဲ့ကြပြီးသားဖြစ်၏။

"ကိုဇော် သူငယ်ချင်းတွေကို သိပ်ခင်တယ်ဆိုတာ မမက ကျောင်းအတူတက်ကတည်းက မသိဘူးလား"

"အမလေး...သိပါ့။ အဲဒီသူငယ်ချင်းတွေကြောင့်ပဲ"

mgyoe.com

mgyoe.com

လမင်း ဘာမှ ဆက်မပြောနိုင်ဘဲ စကားရပ်ကာ သွားသည်။ ဇော်က တက္ကသိုလ်အတူတက်ကြကတည်းက သူ့သူငယ်ချင်းတွေကိုသာ ဂရုစိုက်တတ်ပြီး လမင်းကို အမြဲပစ်ထားတတ်သဖြင့် ခဏ ခဏ စိတ်ကောက်ရင်းက နောက်ဆုံးချစ်သူတွေဖြစ်သွားခဲ့ကြရသည့်အကြောင်းကို လမင်း တွေးမိသွားသောကြောင့် ရှက်သွေးရဲကာ ဘာမှဆက်မပြောတော့ခြင်းဖြစ်သည်။

"အဲဒီ သူငယ်ချင်းတွေကို သိပ်ချစ်လို့. . .ခဏ ခဏ ပြဿနာ တက်ရင်းနဲ့ပဲ ချစ်သွားကြတာလို့ ပြောလေ. . .မမလမင်းရဲ့"

ဖွန်က တိတ်သွားသော လမင်းကို ရယ်မောရင်းဖြင့် လှမ်းကာ စ၏။ လမင်း နှုတ်ခမ်းကို ကိုက်လိုက်သည်။

"တော်ပြီ. . .အဲဒီစကားကို နောင်ဘယ်တော့မှ မပြောတော့ဘူး၊ သူငယ်ချင်းတွေနဲ့ ပတ်သက်လို့လည်း ဘယ်တော့မှ စိတ်မကောက်တော့ဘူး"

"ဟုတ်ရဲ့လား. . .မမရဲ့. . ."

"သေချာတယ် ဖွန်. . .မနက်ဖြန်ကို ဇော်နဲ့ အဲဒီကိစ္စတွေကို အပြတ်ရှင်းကို ရှင်းရမယ်"

လမင်းစကားကြောင့်. . .ဖွန်က အသံလေးထွက်အောင် တခစ်ခစ် ရယ်သည်။ ပြီးတော့ ကျောကိုဆန့်ကာ အညောင်းဖြေရင်း လက်ချောင်းကလေးတွေကိုငေးကာ ကျေနပ်သွားပြီး

mgyoe.com

mgyoe.com

မှ လမင်းကိုကြည့်ရင်း စကားကိုဆက်သည်။

"မမက. . .ဒေါသဖြစ်လွယ်တယ်၊ ဆုံးဖြတ်ချက်မြန်တယ်၊ ဒါပေမယ့်. . .သတ္တိတော့ မရှိပါဘူး"

"ကြည့်လိုက် မိဇွန်. . .မနက်ဖြန်ကျရင် ဘာတွေဖြစ်မလဲဆိုတာ ကြည့်လိုက်. . .ဇော်ကို လမင်းသိပ်ချစ်တယ်၊ ဒါပေမယ့် လမင်း သူ့ဆီက ဦးစားပေးမှု၊ ယုယမှုဆိုတာ တစ်ခါမှကို မရခဲ့ဖူးဘူး. . .။ လမင်းက သူ့ကိုပဲ လက်ထပ်မှာဆိုတော့ အဲဒီကိစ္စကို အခုကတည်းကိုက ရှင်းထားမှကို ရတော့မှာ. . ."

ဇွန်က ခေါင်းတဆတ်ဆတ်ညိတ်ကာ လမင်းကုတင်ပေါ်မှ ထပြီး သူ့ကုတင်ပေါ် တက်မည်ကြံတုန်း တယ်လီဖုန်းသံမြည်သဖြင့် ကောက်ကာကိုင်သည်။

"မမ. . .ကိုဇော်တဲ့. . ."

အတွေးဖြင့် ငေးနေရာမှ လမင်း ဆတ်ခနဲတွန့်ကာသွား၏။ ဇွန်က တယ်လီဖုန်းလက်ကိုင်ကို လှမ်းကာ ပေးနေသည်။ လမင်း နှုတ်ခမ်းကို ဆွဲဆန့်ကာ မဲ့လိုက်သည်။

"အိပ်နေပြီလို့ ပြောလိုက် ဇွန်. . .မပြောချင်ဘူး"

"ကိုဇော်. . .အိပ်နေပြီတဲ့. . .ခစ်. . .ခစ်. . .ခစ်. . .အင်း အင်း. . .ဟုတ်တာပေါ့၊ စိတ်ဆိုးရင်လည်း ဆိုချင်စရာပဲဟာ. . . အင်း. . .အင်း. . .မမ. . .တောင်းပန်ချင်လို့ပါတဲ့. . .ပြောပြမလို့တဲ့. . ."

"မပြောချင်ဘူးဆို. . .မပြောဘူးလို့ ပြောလိုက်. . ."

mgyoe.com

mgyoe.com

လမင်းက ခတ်ဆတ်ဆတ်အော်ကာ ကုတင်ပေါ် လှဲချ လိုက်သည်။ ဇော်က. . .လမင်းကို ဆုပ်ကိုင်ထားတဲ့လက်ကို ဖြုတ်ချကာ လိုက်သွားပြီးမှ တောင်းပန်စကားကို ယုံကြည်ကာ ခွင့်လွှတ်ရမည်ဆိုလျှင်. . .။ လမင်း တစ်နေ့လုံး ဝမ်းနည်းကြေ ကွဲရသလို ဒီညတော့ မင်း ဒုက္ခခံလိုက်ဦး ဇော်. . .။

"ကိုဇော်. . .မနက်မှပဲ လာပြီးချော့လိုက်တော့နော်. . ဟုတ်လား. . ."

ဇွန်က လမင်းကို ပြုံး၍ကြည့်ကာ **Phone** ကိုချသည်။ မနက်ကျရင် ကတိတည်ရမယ်နော်. . .ဟု လှမ်းကာ စ,သေး ၏။ လမင်းက ပို၍ မဲ့ပြလိုက်သည်။ မနက်ကျရင် တွေ့ကြသေး တာပေါ့ ဇော်. . .။ ချစ်သူနဲ့ သူငယ်ချင်းဆိုတာ ရပိုင်ခွင့်ရော၊ စိတ်ဝင်စားမှုရော ဘယ်လောက်အထိ ကွာသင့်တဲ့ ခံစားမှုနှစ်ခု ဆိုတာကိုသာ ဇော်ဆုံးဖြတ်ရမှာပါ။

ထိုစဉ် **Phone** ထပ်မြည်ပြန်၏။ ဇွန်က ငုတ်တုတ်ထိုင် နေသော်လည်း လှမ်းမကိုင်. . .ဘယ်သူ့ဆီက **Phone**ဆိုတာကို သိပြီးသလို လမင်းကိုသာ ကြည့်နေခဲ့၏။ လမင်းကလည်း အိပ် နေရာမှ ပေ၍ မထ။ တိတ်ဆိတ်နေသောအခန်းထဲမှာ **Phone** မြည်သံက တစ်စစ ပိုကျယ်လောင်လာကာ လမင်း ရင်ထဲမှ ဒေါသကို ပိုဆွပေးသလို ဖြစ်နေခဲ့သည်။

"မမ. . .ကိုင်လိုက်ကွာ မဟုတ်ရင် ကိုဇော်က တစ်ည လုံးလှည့်နေမှာ ဇွန်တို့ ကောင်းကောင်းအိပ်ရမှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com

ဇော်၏ ဘာကိုမဆို မရမက ဇွဲကောင်းကောင်းလုပ်တတ်သောအကျင့်ကို သိထားသော ဇွန်က လမင်းကို လှမ်းကာ သတိပေးသည်။ လမင်း ဒေါ်သ တစ်စစမျှားလာကာ အိပ်နေရာမှ ဝုန်းခနဲထပြီး **Phone**ရှိရာသို့သွားသည်။ ဇွန်က ပြုံးကာ ကြည့်နေ၏။ သို့သော် လမင်းက **Phone** ခွက်ကို ကောက်မကိုင်ဘဲ **Phone Plug** ကိုဆွဲကာ ဖြုတ်ပစ်လိုက်သဖြင့် ဇွန် အံ့သြသွားသည်။

"ဟောဒီလိုဆိုတော့ ဇွန်ရော. . .လမင်းရော ကောင်းကောင်းအိပ်ရတာပေါ့. . ."

❀ ❀ ❀ ❀ ❀

မနက်မိုးလင်း အိပ်ရာထ ရေမိုးချိုးပြီးကတည်းက ဇော်လတ် တစ်ခါတည်း အပြင်ထွက်ဖို့ ပြင်ရသည်။ မေမေ့ကို ကားယူသွားမည်ဟု တစ်ခါတည်းပြောထားခဲ့ပြီး ဂိုဒေါင်ထဲမှ ကားကို ထုတ်သည်။ ညတုန်းက လမင်း **Phone Plug** ကို ဖြုတ်ပစ်လိုက်ခြင်းသည် စစ်ကြေညာခြင်းတစ်မျိုးဖြစ်ပြီး၊ မနေ့တုန်းက သူ့အပြုအမူအပေါ် ဘယ်လောက်ဒေါသဖြစ်သည်ကို ပြသလိုက်ခြင်းလည်းဖြစ်သည်ဆိုတာကို ဇော်လတ်သိသည်။

သူ ဘယ်လောက်အထိ သူငယ်ချင်းအပေါင်းအသင်းကို ခင်တွယ်သည်ဆိုတာကို လမင်းက သိပြီးသည့်တိုင် ဒီကိစ္စကို

mgyoe.com

mgyoe.com

အမြဲပြုံးသနားလုပ်လေ့ရှိသည်။ ချစ်သူဆိုသည်မှာ ကိုယ့်ချစ်သူ၏ ဆန္ဒကို လိုက်လျောရတတ်သည် မဟုတ်လား။ တစ်ဦးတည်းသောသား ဇော်လတ်အဖို့ သူငယ်ချင်းဆိုသည်မှာ မရှိမဖြစ် ခံစားမှုဖြစ်သည်။ တစ်ယောက်တည်း ပျင်းရိ အထီးကျန်ဖို့ကောင်းသောသူငယ်ဘဝကို သူငယ်ချင်းများကပင် ပျော်ရွှင်စေခဲ့သည်။ သူငယ်ချင်းမရှိလျှင် ဇော်လတ် မနေတတ်။ သူ့ထံကို သူငယ်ချင်းမလာလျှင် သူငယ်ချင်းများထံကို သူက သွားတတ်သည်။ စိတ်တူ ကိုယ်တူသော သူငယ်ချင်းဆိုသည်မှာ သူ့အတွက် အဖော်. . .မိတ်ဆွေ. . .ရဲဘော်ရဲဘက်. . .ချစ်သူ။

ချစ်သူတစ်ယောက်ရလာတော့လည်း ဇော်လတ် သူငယ်ချင်းများအပေါ် ခံစားချက်လျော့မသွားခဲ့။ ပြောင်းလဲမသွားခဲ့။ ချစ်သူနှင့်အတူ သွားရ လာရ နေရခြင်းသည် ပျော်စရာ၊ ကျေနပ်စရာ တစ်မျိုးကောင်းသော်လည်း. .ရင်ခုန်စရာ ကြည်နူးစရာ တစ်မျိုးဖြစ်သော်လည်း. . .သူငယ်ချင်းများနှင့် ရေသွားကူးရာမှရသော ပျော်ရွှင်မှုမျိုးကို ချစ်သူထံမှ မရနိုင်။ သူငယ်ချင်းများနှင့်စကားပြောရင်းငြင်းကြခုံကြသည့် အရသာ ထိန်းရေမူးကာ ပြောချင်တာပြောရယ်မောကြရသည့်အရသာ။ ညဘက်ကလပ်တွေမှာ ပျော်ရွှင်စွာသွားကရသည့် အရသာ။ လက်ဖက်ရည်ဆိုင်မှာ **Chess** ထိုးကြရ သည့် ရင်ခုန်မှုအရသာစသည်တို့ကို ချစ်သူထံမှ မရနိုင်ဟု ဇော်လတ် ထင်သည်။

ချစ်သူအတွက် သီးသန့်အချိန်ပေးထားတတ်သလို သူ

ငယ်ချင်းများအတွက်လည်း ဇော်လတ်က သီးသန့် အချိန်ပေး တတ်သည်။ ခက်တာက ချစ်သူကို အချိန်ပေးသည့်အခါ သူ့ သူငယ်ချင်းများက ဘယ်တော့မှ မငြူစူတတ်။ အပြစ်မပြော တတ်သော်လည်း သူငယ်ချင်းကို အချိန်ပေးသည့်အခါမျိုးတွင် တော့ ချစ်သူက ပြဿနာတစ်ခုဖြစ်ကာ လာသည်။ ချစ်သူနှင့် သူငယ်ချင်း နှစ်ခု ထိပ်တိုက်တွေ့ခဲ့ကြသည့် ဆယ်ကြိမ်လျှင် ရှစ်ကြိမ်တော့. . .ဇော်လတ်သူငယ်ချင်းများဘက်ကို လိုက်ခဲ့ သည်။ ထိုသို့လိုက်ခဲ့ခြင်းမှာလည်း ငယ်စဉ်ကတည်းက ပေါင်း လာသော သူငယ်ချင်းများက သူတို့ထက် မိန်းမကို ဦးစားပေး သည်ဆိုသောစကားကို ပြောလာမှာ သေမလောက်ကြောက်ရွံ့ သည့်အတွက်သာ ဖြစ်သည်။

သူငယ်ချင်းများက. . .ဆယ်ကြိမ်မှာ ရှစ်ကြိမ်ရသည့် အတွက် ဘယ်တော့မှ သူ့ကို ထိုသို့မပြောခဲ့။ ဒါကိုပင်လျှင် သူ ဂုဏ်ယူသည်။ ဇော်လတ်ဆိုသည့်ကောင်သည် ချစ်သူနှင့် သူ ငယ်ချင်း တွေ့ကြလျှင် ချစ်သူကို ထားရဲခဲ့သည့်ကောင်ဆိုသော ဂုဏ်ပုဒ်ကို သူတပ်မက်သည်။ သဘောကျသည်။ သို့သော် သူ ငယ်ချင်းများက ဘယ်တော့မှ ချစ်သူကို အနိုင်ရသည့်အတွက် ဝမ်းမသာခဲ့။ ဟေ့ကောင်. . .မင်းကောင်မလေးကို အားနာလိုက် တာကွာ. . .ငါတို့ တောင်းပန်ပေးရမလား. . .ဟု အကြိမ်ကြိမ် သူ့ကို ပြောခဲ့ကြဖူးသည်။

ချစ်သူကတော့ ထိုသို့မဟုတ်။ **Phone Plug** ကို ဖြုတ်

ပစ်သည်။

ခြံထဲက ထွက်ထွက်ချင်း လီဗာကို အားကုန်နင်းလိုက်မိသဖြင့် လမင်းတို့ ခြံရှေ့ကို ကျော်ထွက်သွားကာ ဘက်ပြန်ဆုတ်ရသည်။ ခြံရှေ့တည့်တည့်ကိုရောက်တော့ လမင်းက ခြံထဲက ပန်းပင်တွေကို ရေလောင်းနေတာ တွေ့ရလေသည်။

ကျောက်ခက်ပင်ကလေးတွေပြီးလျှင် ရေပိုက်ကို ပုဏ္ဏရိပ်ပင်တွေဘက် လှည့်မည်ဟု စိတ်ကူးတုန်း ဘရိတ်နင်းသံနှင့် ဇော်ကား ခြံရှေ့ကို ဘက်ပြန်ဆုတ်လာတာကို လမင်းတွေ့ရ၏။ ထို့ကြောင့် ခြံရှေ့က ပုဏ္ဏရိပ်ပင်တွေကို ရေမလောင်းဖြစ်တော့ဘဲ ရေပိုက်ကို ကျောက်ခက်ပင်တွေရဲ့ ဘေးဘက်က ရေလောင်းပြီးသား ဂမုန်းပင်တွေဘက်ကို လှည့်လိုက်ရသည်။ ဒါမှ ခြံဝကို ကျောပေးလျက် ဖြစ်မှာကိုး။

ကားဟွန်းသံ တစ်ချက် ကြားရသည်။ လမင်း လှည့်မကြည့်။ နောက်. . .ဟွန်းသံရှည်ကြီး ကြားရ၏။ တံခါးဖွင့်ထားတာပဲ မောင်းဝင်လာခဲ့ပါလား။ စိတ်ကောက်နေတဲ့ လူဆိုတာ အဲဒီလိုပဲ မှတ်ထား။ လမင်း ပေကာ ဂမုန်းပင်တွေကိုပဲ ရေလောင်းနေခဲ့သည်။ ကြာရင် ဂမုန်းပင်တွေတော့ ရေမျောကုန်တော့မှာပဲ။ ဟွန်းသံရှည်ရှည်ရပ်ကာ သွား၏။ သို့သော် တံခါးဖွင့်သံ မကြားရ။ လမင်း. . .ဟု လှမ်းခေါ်သံကိုသာ ကြားရပါသည်။

"လမင်း. . .မင်းနဲ့ ကိုယ် စကားပြောစရာ ရှိတယ်. . .

ကားပေါ်တက်”

လမင်း တစ်ချက်လှည့်ကြည့်ပြီး ဂုမုန်းပင်တွေကိုပဲ ရေဆက်လောင်းရင်း. . .စဉ်းစားနေချိန်မှာ ဇွန်က ခြံထဲမှပြေးကာ ထွက်လာပြီး လမင်း လက်ထဲက ပိုက်ကိုယူသည်။

“မမ. . .လိုက်သွားလိုက်လေ. . .ကတိတည်ပါစေနော်”

လမင်းမျက်နှာကို ပို၍မဲ့လိုက်ကာ ဇော်ကို မကြည့်ဘဲ ကားနောက်ခန်းတံခါးကိုသာ ကြည့်ပြီးလျှောက်ခဲ့သည်။

လမင်း ကားပေါ်ကိုရောက်ပြီးကတည်းက ကားကို ခပ်သွက်သွက်မောင်းခဲ့သည်။ လမ်းအကွေ့များတွင် အရှိန်ကို မလျှော့ဘဲ ဟွန်းတီးကာ ကွေ့သည်။ ရှေ့မှာရှိသည့်ကားကို ဘာမှ အရေးမကြီးဘဲ ဇော်လတ် ရအောင် ကျော်တက်သည်။ ၄ခ **Mark II**ကားလေးထဲမှာ ညင်သာသော စက်သံမှလွဲ၍ အားလုံး ငြိမ်သက်နေခဲ့သည်။ အိမ်နေရင်း ရေလောင်းနေရာမှ ဘာမှ ပြင်ဆင်ဖီးလိမ်းခြင်းမရှိဘဲ ကားနောက်ခန်းမှာ ထိုင်နေသော လမင်းနှင့် ရှေ့မှာ တွေ့သမျှကို ရအောင်ကျော်ကာ မောင်းနေသော ဇော်လတ်တို့အချင်းချင်း စကားမပြောဖြစ်ကြ။

ကားနှင့် အပြင်သွားလည်မည်ဟု လာခေါ်သည့်တိုင်အောင် ဘာမှပြင်ပြင်ဆင်ဆင် မလုပ်တော့ဘဲ ကားပေါ်တက်ထိုင်သော လမင်း၏အပြုအမူသည် ဇော်လတ်အပေါ် တစ်စုံတစ်ရာ မကျေနပ်သော ခံစားမှုကို အသံတိတ်ပြခြင်းဖြစ်သလို ဘာစကားမှမပြော. . .ဘယ်နေရာကို သွားမည်ဟုလည်း မပြော

ဘဲ. . .ကားအရှိန်ကိုမြှင့်ကာ မြှင့်ကာ မောင်းရင်း ရှေ့မှာ တွေ့သမျှ ကားများကို ကျော်တက်နေသော ဇော်လတ်၏အပြုအမူကလည်း တစ်စုံတစ်ရာကို မကျေနပ်ကြောင်း. . .သိသာနေခဲ့သည်။

ကားနောက်ခန်းတွင် သူ တပ်မက်စွဲလမ်းခဲ့ရသော နှုတ်ခမ်းသား ဖူးဖူးကလေးများကို တင်းတင်းစေ့ကာ ငြိမ်သက်စွာ ထိုင်နေသော လမင်းကို နောက်ကြည့်မှန်မှ ဇော်လတ်တစ်ချက်ခိုးကြည့်ရင်း ဘာကြောင့်မှန်းမသိ. . .လီဗာကို ဖိနင်းလိုက်မိသည်။

"ဇော်. . .နင် ဘယ်အထိ မောင်းနေမှာလဲ. . .လမင်းအိမ်ကို ဘာမှ မပြောခဲ့ရဘူး၊ စကားပြောမယ်ဆိုရင်. .ရပ်တော့ကားထဲမှာပဲ ပြောကြမယ် တော်ပြီ"

ဇော်က တစ်ချက်ပြုံးကာ နံဘေးတွင်ချထားသော စီးကရက်တစ်လိပ်ကို နှုတ်ခမ်းတွင် ကောက်တပ်ကာ မီးညှိပြီးအားရပါးရ ဖွာရှိုက်ပစ်လိုက်သည်။ ခေါ်တုန်းက ဒီအတိုင်းလိုက်လာခဲ့ပြီး အခုမှ စိုးရိမ်ကြောင့်ကျနေဟန်တူသော လမင်း၏အဖြစ်ကို ရယ်ချင်သွားသည်။ သို့သော် ဇော်လတ် မရယ်ပါ။

"မင်း. . .ကိုယ့်ကားနဲ့ပါလာတယ်. . .ဆိုတာကို ဇွန် သိတာပဲ"

"ဇွန်သိပေမယ့်. . .ဒေါ်ကို ဘာမှမပြောခဲ့ရဘူး၊ တော်ပြီ ကားရပ်တော့ ပြောစရာရှိရင်. . .ဒီမှာပဲပြော. . ."



mgyoe.com

mgyoe"ကိုယ်နဲ့ ပါသွားပြီဆိုတာ. . .မင်း အန်တီအတွက် အတော်လုံလောက်တဲ့အကြောင်းပြချက်ပဲ မဟုတ်လား. . . လမင်း. . .ကိစ္စ မရှိပါဘူး"

သူစကားဆုံးတော့ လမင်းက မဲ့ရွဲ့ကာ မျက်နှာတခြားဘက်သို့လှည့်ကာ သွားသည်ကို ဖော်လတ်နောက်ကြည့်မှန်မှ မြင်ဖြစ်အောင် မြင်လိုက်ရသည်။ ကားလေး၏ အရှိန်နှုန်းက မူလမောင်းနေရာမှ ဝေါခနဲပိုတက်ကာ တိုးဆောင့်ထွက်သွားခဲ့သည်။

❀ ❀ ❀ ❀ ❀

နံနက်ခင်း၏ နူးညံ့သော အတွေ့အထိနှင့်အတူ အိပ်ရာမှ နိုးလာခဲ့သည်။

နှစ်ခြိုက်စွာ ကျေကျေနပ်နပ် အိပ်မောကျခဲ့သည်တော့ မဟုတ်။ အံရုဏ်တက်စလောက်မှာပဲ ထိုအိပ်မက်ကို သူမြင်မက်ခဲ့တာ ဖြစ်လိမ့်မည်ဟု မြတ်မိုး တွေးရင်း. . .ခန္ဓာကိုယ်ကို အနည်းငယ်လှုပ်ကာ ပိုမိုနေသားတကျ သက်သောင့်သက်သာဖြစ်အောင်ပြင်လိုက်သည်။ အိပ်မက်. . .အိပ်မက်ဆိုသော ကိစ္စရပ်တစ်ခုအတွက် အဓိပ္ပါယ်ပြည့်စုံသော ဖွင့်ဆိုချက်တစ်ခုပင် ဖြစ်သော်လည်း ကြုံတွေ့ရသည့်အခါ ဝေ့ဝေ့ဝါးဝါးနိုင်လှသည်။ စိတ်ပညာရှင်များ၏အဆိုအရ အိပ်မက်ဆိုသည်မှာ မသိ

mgyoe.com

mgyee.com

စိတ်ထဲတွင်ရှိနေသော လူ့ဘဝမှ ကြုံတွေ့ခဲ့သမျှတို့၏စွဲလမ်းမှုများကို ပြန်လည်တုံ့ပြန်ခြင်း တစ်မျိုးသာဖြစ်သည်။ ထို့အပြင် အိပ်မက်မက်စဉ်တွင် ခန္ဓာကိုယ်သည် နှစ်ခြိုက်စွာ အိပ်မော ကျခဲ့ခြင်းမရှိတဲ့။ ဒါဆိုရင် သူ ဒီည နှစ်နှစ်ခြိုက်ခြိုက် အိပ်ခဲ့ရတာ မဟုတ်ဘူးပေါ့။

ပြန်တွေးကြည့်တော့ အိပ်မက်ကလည်း ဝေ့ဝေ့ဝါးဝါး ဘာတစ်ခုမှ ရှင်းရှင်းလင်းလင်း မရှိ။ ထုံးစံအတိုင်း သူ ပျင်းရိလေးလံခြောက်သွေ့စွာ လျှောက်သွားနေခဲ့သည်။ သူလျှောက်သွားနေသည့်နေရာမှာ လှပသောပန်းတွေ. . .သစ်ပင်တွေ. . . ရေတံခွန်တွေ ရှိနေသော်လည်း သူ မပျော်ဆိုတာကို မှတ်မိသည်။ ထို့နောက် သူ တစ်စုံတစ်ရာနှင့်တွေ့သည့်အခါ သူ့ဆီမှာ ရှိနေသော လေးလံခြောက်သွေ့မှုတွေ အားလုံးပျောက်သွားခဲ့တာကို သူ မှတ်မိသည်။

ထို တစ်စုံတစ်ရာက. . .ဘာလဲ။

မျက်စေ့ကို မဖွင့်သေးဘဲ ထိုတစ်စုံတစ်ရာဆို ဘာလဲဟု မြတ်မိုး အိပ်မက်နောက်သို့ ပြန်ကာ လိုက်သည်။ သို့သော့ ဘာကိုမှ မမှတ်မိတော့။ ဘာကိုမှ မသဲကွဲတော့။ သူ့မျက်စိထဲတွင် ရှိနေသော အမှောင်သည် အိပ်ပျော်နေသည့် အမှောင် မဟုတ်တော့ဘဲ အသိဉာဏ်၏ အမှောင်သာ ဖြစ်သည်။ မကျေမနပ်နှင့်ပင် လက်များကို ဆန့်တန်းကာ လျှောက်စမ်းကြည့်တော့. . .အဝတ်ရုပ်ကလေးကို ခေါင်းအုံးနှင့် ကုတင်အရှေ့

mgyee.com

ကြားတွင် တွေ့ရသဖြင့် ဆွဲယူကာ မျက်ဝန်းများကို မဖွင့်ဘဲ ဖက်ထားရင်း ခဏငြိမ်ကာနေလိုက်သည်။

နံနက်အိပ်ရာထထခြင်း မငြိမ်မသက်ဖြစ်သွားသော သူ့စိတ်တွေကို ပြန်လည်တည်ငြိမ်အောင် ကြိုးစားရင်း မျက်စိမှိတ်ထားရင်းမှပင် မိန်းကလေး အဝတ်ရုပ်ကလေး၏ မျက်နှာကို ပွတ်သပ်ကာ နားရွက်ကလေးများကို လက်ဝါးနှင့်အုပ်ကာ ကိုင်ထားရင်း ငြိမ်သက်နေခဲ့ပြီး ခဏကြာမှနားရွက်ကလေးများကို ညင်သာစွာပွတ်သပ်ပေးလိုက်သည်။

ကတ္တီပါဖြင့် ချုပ်ထားသော မိန်းကလေးအဝတ်ရုပ်ကလေး၏နားရွက်များကို ညင်သာစွာ ပွတ်သပ်ကိုင်တွယ်နေရင်း သူ့စိတ်တွေက ပြန်လည်ကြည်လင်လာကာ. . .အိပ်မက်ကို မေ့ပစ်လိုက်သည်။ တစောင်းအနေအထားမှ ပက်လက်လှန်ကာ အရုပ်ကလေးကို ရင်ဘတ်ပေါ်တင်ထားရင်း ဖွဖွစွာ. . ညင်သာစွာ ပွတ်သပ်နေမိသည်။ မျက်ဝန်းများကို ဖွင့်ကြည့်လိုက်သည့်အခါ နံနက်ခင်း နေရောင်ခြည်သည် မြတ်မိုး၏ အပေါ်ထပ် အိပ်ခန်းနံဘေးတွင်ရှိသော မန်ကျည်းပင်ကြီးကို ထိတွေ့ကာ ကုတင်နံဘေးရှိ ပြတင်းမှန်ပေါက်များတွင် ဝင်းပစွာ လင်းလက်နေသည်ကို မြင်ရသည်။

တံခါးကို ဟ,ကာ အခန်းအတွင်းဝင်မည်ဟု ဟန်ပြင်လိုက်ပြီးမှ ဒေါ်မြင့်မြင့်မိုးသည် သူ့သား နိုးနေပြီဆိုသည်ကို သိလိုက်ရသဖြင့် မဝင်သေးဘဲ အသာပင် အခန်းရှေ့မှာ ရပ်နေခဲ့



mgyee.com

mgyoe.com

သည်။ မြတ်မိုးက ပက်လက်လှန်ကာ အရုပ်ကလေးကို ရင်ဘတ်ပေါ်တင်ကာ နားရွက်ကို ညင်သာစွာ ပွတ်သပ်ပေးနေသည်ကို တွေ့ရသဖြင့် ဒေါ်မြင့်မြင့်မိုး စိတ်မကောင်းစွာဖြင့် ငေးငိုင်ကာ သွားခဲ့သည်။ ခဏ တံခါးရှေ့တွင် ရပ်နေပြီးမှ ခပ်ဟဟပွင့်နေသော မြတ်မိုးအခန်းတံခါးရှေ့မှ ထွက်ဖို့ ခြေလှမ်းပြင်ရင်း မနေ့က သားဖြစ်သူ မှာသွားသောစကားကို သတိရသဖြင့် လှမ်းထွက်ရန်ပြင်ထားသော ခြေလှမ်းကို ခဏရပ်ကာ ငြိမ်းချမ်းတိုးတိတ်သောအသံဖြင့် လှမ်းကာ ပြောရသည်။

"သား. . .မြတ်မိုး. . .ထတော့လေ. . .သား ဒီနေ့ **Company** မှာ အစည်းအဝေး ရှိတယ်ဆို မေမေ့ကို နှိုးခိုင်းထားတာ မဟုတ်လား"

မေမေ့အသံကြောင့် မြတ်မိုး နာရီကိုလှမ်းကြည့်တော့ ကိုးနာရီထိုးလုနေပြီ။ အရုပ်ကလေး၏နားရွက်များမှ သူ့လက်များကိုဖယ်ကာ မေမေ့ကို သူ နိုးပြီဖြစ်ကြောင်း လှမ်းအော်ရသည်။ မေမေက ဘာကြောင့် အခန်းထဲဝင်လာပြီး မနိုးတာပါလိမ့်။

"ဟုတ်ကဲ့ မေမေ. . .သား နိုးပြီ. . .ခုပဲ ဆင်းခဲ့မယ်"

"အင်း. . .အင်း. . .ကော်ဖီဖျော်ထားပေးမယ် သားရေရေချိုးပြီး တစ်ခါတည်း ဆင်းခဲ့တော့. . ."

လှေခါးကို ဆင်းသွားသော မေမေ့၏နူးညံ့သောခြေသံကို ကြားရသည်။ ကုမ္ပဏီမှာ ဒီနေ့အစည်းအဝေး ဆယ့်တစ်

mgyoe.com

mgyoe.com

နာရီဆိုပေမယ့်. . .သူ ကြိုရောက်မှ ဖြစ်လိမ့်မည်။ စစ်ဆေးစရာ စာရင်းဇယားများနှင့် **Member** များ၏ အကြံပြုချက်များကို ဖတ်ရဦးမည်။ ရင်ဘတ်ပေါ်မှ အရုပ်ကလေးကို မျက်နှာရှေ့ဆွဲယူကာ **Kiss** ပေးရင်း သူ့ခေါင်းအုံးနံဘေးမှာ အသာချပြီး အိပ်ရာမှ မြတ်မိုးထသည်။

ရေမိုးချိုး၊ အဝတ်အစားလဲတာ နှစ်ဆယ့်ငါးမိနစ်ကြာသွားသည်။ သို့သော် မေမေသည် ကော်ဖီပူပူကြိုက်တတ်သော သူ့အတွက် ကော်ဖီကို ဖျော်မထားဘဲ မီးဖိုပေါ်တွင် ကော်ဖီမှုန့်ကို နှပ်ထားပြီး သူ ကော်ဖီခန်းထဲသို့ ဝင်မှ အဆင်သင့်သောက်လို့ ရအောင် ဖျော်ပေးလိမ့်မည်။ မေမေသည် သူ့ကို ဂရုစိုက်သင့်သည့်နေရာတွင် ဒီနေ့အထိ လွဲချော်မှု မရှိသေး၊ မှားယွင်းမှုတစ်ခု အဖြစ်မခံ။ အသက် (၃၅) နားနီးခဲ့သည့်တိုင် မြတ်မိုးသည် မေမေ့ရှေ့တွင် ကလေးတစ်ယောက်သာ ဖြစ်နေတုန်းပင်ရှိသေးသည်။ မြတ်မိုး ကော်ဖီသောက်ရန်ဆင်းလာရင်း နာရီကိုကြည့်တော့ ၉း၂၅. . .မိနစ်. . .တော်တော်စောနေပါသေးသည်။

"စိန်ထည်တွေက ဈေးလည်း သင့်ပါရဲ့. . .ပစ္စည်းလေးတွေကလည်း လှပါတယ်. . .ဒါပေမယ့် မြရယ် တို့အတွက် မလိုတော့ပါဘူးကွာ. . .တို့က အဖွားကြီးဖြစ်နေပြီပဲ. . ."

"အမလေး. . .အဖွားကြီးမို့ စိန်လာရောင်းတာပေါ့၊ သားတစ်ယောက်လုံးက **Company** ပိုင်ရှင်လုပ်ပြီး ရှာကျွေးနေ

mgyoe.com

mgyoe.com

တာ. ...မြင့်မှ မဝတ်မစားရင် ဘယ်သူ ဝတ်မှာ စားမှာလဲ၊ ပွဲတွေဘာ ဒွေတက်တဲ့အခါကျတော့ စိန်မှ ခန့်တာ မြင့်ရဲ့”

မေမေ့၏ နူးညံ့ပီတိဖြစ်သောရယ်သံကို ကော်ဖီခန်းအတွင်းမှ ကြားရသည်။ မြတ်မိုးအပေါ် ကုတ်အင်္ကျီကို ကြယ်သီးများကိုတပ်ရင်း ကော်ဖီခန်းထဲမှာ မေမေ့ညီ့သည် စိန်ပွဲစားဒေါ်မြမြစိုးရောက်နေမှန်း သိလိုက်ရသည်။

“နေပါစေ မြရယ်. . .တို့များက ဘယ်ပွဲမှ တက်စရာလည်း မရှိတော့ပါဘူး”

“အမလေး. . .မြင့်ရယ်. . .ရှင့်မှာ သားတစ်ယောက်လူပျိုရှိနေတာ. . .ဘာမင်္ဂလာမှ မယူတော့ဘူးလား . . .။ သားဆိုတာ မင်္ဂလာနှစ်မျိုး ရှိတယ်နော်. . .ဒါနဲ့ နေပါဦး ရှင်က သားကို အိမ်ထောင်ချမပေးတော့ဘူးလား. . .”

ရုတ်တရက် တိတ်ဆိတ်သွား၏။ ဒေါ်မြင့်မြင့်မိုးကော်ဖီခန်းဝကိုလှည့်ကာ ကြည့်ရင်း သက်ပြင်းကို ဖွဖွချကာ ခုံမှာ ဝင်ထိုင်သည်။ သားရောက်လာပြီး ဒီစကားမျိုး ကြားသွားမှာ မလိုချင်ပါ။ ဒေါ်မြင့်မြင့်မိုး၏ ပြောင်းလဲသွားသော အမူအရာကိုဒေါ် မြမြစိုးလည်း ရိပ်မိသွားသည်၊ သူ့စကား မှားသွားပြီလား။

“မြ. . .ဆိုလိုတာက ရှင်တို့မှာလည်း သားအမိက နှစ်ယောက်တည်း. . .ပြီးတော့ မောင်မိုးအသက်ကလည်း မငယ်တော့ဘူး. . .အဲဒါကို ပြောတာ. . .အရာရာ လိုလေသေး မရှိတဲ့အချိန်မှာ. . .မောင်မိုးကို အိမ်ထောင်ပြုဖို့ ရှင် မတိုက်တွန်း



mgyoe.com

mgyoe.com

ဘူးလားလို့ပါ"

သူ မျက်နှာပျက်သွားသည့်အတွက် ဒေါ်မြမြစိုးကို အားနာကာ ဒေါ်မြင့်မြင့်မိုးက ပြုံးကာ ပြလိုက်ရသည်။ ပြီးတော့ သက်ပြင်းကို ဒုတိယအကြိမ်ချရင်း. . .

"အဲဒါ မြင့်အဖြစ်ချင်ဆုံးဆန္ဒပါပဲ. . .ဒါပေမယ့် မြရယ် အဲဒီဆန္ဒကလည်း သားလေးနဲ့ လုံးဝပတ်သက်နေတယ်။ သားကို မြင့် ဘာတစ်ခုမှ အတင်းအကြပ် မပြောချင်တော့ဘူး"

"အင်း. . .မြ သဘောပေါက်ပြီ။ ဒါနဲ့ မြ တစ်ခုမေးရဦးမယ်. . .မြ ကြားခဲ့တဲ့ကိစ္စပါ၊ အဲဒါကို မြင့်ကို မေးမယ်မေးမယ်နဲ့ မမေးဖြစ်တာ. . .မြင့်သား မောင်မိုးက အရင်တုန်းက စေ့စပ်ထားပြီးမှ အဲဒီမိန်းကလေးနဲ့ လက်ထပ်ဖို့ကိစ္စပျက်သွားဖူးတယ်ဆို. . အဲဒါ ဟုတ်သလား. . ဘာဖြစ်လို့ ပျက်သွားရတာလဲ"

ဒေါ်မြင့်မြင့်မိုး စိုးရိမ်တကြီး လှည့်ကြည့်လိုက်သည့်အခါတွင် မြတ်မိုးကို အခန်းဝတွင် လှမ်းတွေ့လိုက်ရလေသည်။ မြတ်မိုးက မိခင်ကို လှမ်းကြည့်ကာ မျက်တောင်ခတ်ရင်း မျက်လွှာကို ချသည်။ ကော်ဖီသောက်ရန်တော့ ဝင်မလာ. . .။

"သား. . .ကော်ဖီထည့်လိုက်ရတော့မလား. . .လာလေ ဒီမှာ မင်းအန်တီမြက မေမေ့ကို စိန်ထည်တွေ. . ."

"နေပစေတော့. . .မေမေ သား ရုံးရောက်မှပဲ သောက်တော့မယ်. . .အစည်းဝေးကနီးနေလို့ သား သွားတော့မယ်. ."

သားဖြစ်သူ လှည့်ထွက်သွားတော့ ဒေါ်မြင့်မြင့်မိုး စိတ်

mgyoe.com

moyoe.com

ထဲမှာ တော်တော် ဝမ်းနည်းသွားသည်။ သား. . .ဘာကြောင့် ကော်ဖီ မသောက်တော့ဆိုတာကို ဒေါ်မြင့်မြင့်မိုး သိလိုက်ပါသည်။ ရင်ထဲတွင် စိတ်မကောင်းဖြစ်ခြင်းနှင့် ဒေါသတို့တစ်ပြိုင်နက်ဖြစ်သွားခဲ့သော်လည်း အချိန်မီတော့ ထိန်းလိုက်နိုင်ပါသည်။

"မြ. . .နောင်ကို အဲဒီကိစ္စ ဘယ်တော့မှ ကျွန်မကို မမေးပါနဲ့. . .သိလည်း မသိချင်ပါနဲ့လို့ တောင်းပန်ပါရစေ. . ."

မြတ်မိုး ကားကို မှန်မှန်မောင်းလာရင်း. . အတွေးထဲမှာ အားလုံးရှုပ်ယှက်ခတ်နေခဲ့သည်။လူတစ်ယောက်၏အကြောင်းဆိုတာက မေ့ထားချင်လျှင်သာ ရမည်၊ လုံးဝပျောက် ပျက်သွားချင်၍တော့ မရ။ နှစ်ပေါင်းများစွာ သူ အမေ့ခံထားခဲ့သောကိစ္စ။ မည်သူမျှ မသိတော့ဟု သူကိုယ်တိုင်ယုံကြည် စိတ်ချထားခဲ့သောကိစ္စသည် သူထင်သလို မဟုတ်ကြောင်းကို မြတ်မိုး ဒီနေ့ သိခဲ့ရသည်။ အတိတ်ဆိုသည်မှာ ပြီးဆုံးသွားခဲ့သော အဖြစ်အပျက်များကို သိမ်းဆည်းထားတတ်သော နေရာ. . .။ အတိတ်တွင် ဖြစ်ခဲ့ပြီးသော အရာအားလုံးသည် ပြန်လည်၍ ပြုပြင်မွမ်းမံပြောင်းလဲ၍ မရ။ ထိုသို့ဆိုလျှင် ဘာတစ်ခုမှ ပြန်လည်ရှင်သန်နိုင်ခြင်း မရှိသောအတိတ်သည် သက်ရှိသတ္တဝါတစ်ကောင်လို တစ္ဆေတစ်ကောင်လို သူ့ကိုတိုက်ခိုက်နေရသနည်း။

(၆) မိုင်ခွဲ **Company** သို့သွားရန်အချိန်မှာ မစောတော့သော်လည်း မြတ်မိုးကားကို ကုမ္ပဏီဘက်သို့ မမောင်းဘဲ ကန်

moyoe.com

mgyoe.com

ဘောင်ပေါ်သို့ မောင်းခဲ့သည်။ နေ့ခင်း သူအမြဲကော်ဖီလာသောက်နေကျ ကန်ဘောင်ပေါ်မှ **Lake Front** ဆိုင်သို့သွားကာ အေးအေးဆေးဆေး ကော်ဖီသောက်ချင်သည်။ အစည်းအဝေးစမည့်အချိန် ဆယ့်တစ်နာရီ မထိုးခင် သူ **Company** ကို ရောက်နေလျှင် ပြီးရောပေါ့။

မေမေနှင့်အတူ မသောက်ခဲ့ရသော သူ့၏နံနက်စာကော်ဖီကို ဒီဆိုင်ကလေးမှာပဲ သူ သောက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

❀ ❀ ❀ ❀ ❀

ကားက **Eco** ရှေ့ အင်းယားကန်ဘောင်ပေါ်ကို မောင်းတက်လာသည့်အထိ လမင်း ဘာမှမပြော၊ ဒေါသလည်း မဖြစ်၊ ဣန္ဒြေလည်း မပျက်ခဲ့။ ဒီနေ့ လမင်း၏လှုပ်ရှားမှုအားလုံးသည် တည်ငြိမ်နေရမည်၊ သေသပ်နေရမည်။ အဓိပ္ပါယ်က ပြတ်သားခြင်းတစ်ခုတည်းသို့ ဦးတည်နေရမည်ဟု လမင်း ဆုံးဖြတ်လိုက်သည်။ ဇော်ဆိုသည့် လူမျိုးကလည်း သူလုပ်ချင်ပြီဆိုလျှင် ဘာကိုမှ နောက်လှည့်မကြည့်တတ်သော လူစားမျိုး. . .။ အင်းယားကန်ဘောင်ပေါ်ကို မောင်းလာပြီးမှ ဘာညာပြောနေလို့လဲ သူ ကားကို ပြန်လှည့်မည့် လူစားမျိုးမဟုတ်။

ကားကို ဆိုင်တန်းများရှေ့ နေရာလွတ်တွင် ထိုးရပ်ပြီး



mgyoe.com

mmgyoe.com

ဇော်လတ်မှန်များကို အားလုံးတင်လိုက်သည်။ တံခါးမဖွင့်သေးဘဲ နောက်ခန်းမှ ဘာသံမှ မထွက်အောင်ငြိမ်သက်ကာ မထူးဆန်းသော မြင်ကွင်းကို ကားမှန်အတွင်းမှ ငေးနေသော လမင်းကို နောက်လှည့်ကာ တစ်ချက်ကြည့်သည်။ ဇော်လတ်လှည့်ကြည့်သော လမင်း၏မျက်နှာတွင် တစ်စုံတစ်ခုကို ဆုံးဖြတ်ထားသော လမင်း၏မျက်နှာကို မြင်ရ၏။ ဇော်လတ်ပြန်လှည့်ကာ အံကိုကြိတ်လိုက်သည်။ ကားထဲတွင် တိတ်ဆိတ်၍နေသည်။

"ကိုယ်တို့ **Lake Front** ထဲမှာ စကားပြောကြရအောင် လမင်း"

ဇော်လတ်စကားသံဆုံးသွားသည်နှင့် နောက်ခန်းတံခါးဖွင့်သံကို ကြားလိုက်ရသည်။ လမင်းက သူရွေးသောနေရာကို ငြင်းဆန်ခြင်းလည်း မရှိ။ ကျေနပ်စွာ သဘောတူခြင်းလည်း မဟုတ်။ ဘယ်နေရာဖြစ်ဖြစ် အရေးကြီးပုံမရဘဲ. . .သူ့စကားဆုံးသည်နှင့် ကားတံခါးကိုဆွဲဖွင့်ကာ လမင်း ဆင်းသွားခဲ့သည်။

ကောင်းပြီ လမင်း. . .အရင်တုန်းကနဲ့မတူဘဲ ဒီနေ့မှ အင်း ဘာကြောင့် ဒီလောက် သတ္တိတွေရှိနေတယ်ဆိုတာကို ကိုယ် မကြာခင်သိရတော့မှာပါ။

အိမ်က ထွက်လာခဲ့စဉ်တုန်းက ဇော်လတ်တွေးထင်ထားခဲ့သည့်အရာသည် အခုထိ ဘာတစ်ခုမှမဖြစ်။ သူ့ကိုတွေ့လျှင် စကားမပြောဘဲ စိတ်ကောက်နေမည်။ သူက မနေ့က

mmgyoe.com

mgyoe.com

ရေကူးပြိုင်ပွဲတွင် သူမပါလျှင် သူငယ်ချင်းတွေ ဘာဖြစ်သွားမည်ဆိုတာကို ပြောပြလျှင် လမင်း အော်ချင်အော်မည်. .။ သူ့ကို သူငယ်ချင်းများကို ဦးစားပေးသူဟု စွပ်စွဲကာ ဝမ်းနည်းပြီး အရင်တုန်းကလိုပဲ ငိုချင်လျှင် ငိုမည်။ နောက်ဆုံး သူက ရေကူးပြိုင်ပွဲတွင် သူနိုင်ခဲ့ကြောင်း. . .သူငယ်ချင်းအားလုံး၏မာနနှင့် သိက္ခာကို ဘယ်လိုဆယ်ခဲ့ရကြောင်း. . .ပြောပြလျှင် လမင်း တအံ့တဩ နားထောင်မည်။ ထို့နောက် လမင်းကို မနေ့က မသွားလိုက်ရသော မိုလ်ချုပ်ဈေးကို လိုက်ပို့မည်ဟုပြောလျှင် လမင်းက မသွားတော့ဟုပြောကာ ပြန်စိတ်ကောက်မည်။ သူက ရအောင်ခေါ်ကာ အလျော်ပေးသည့်အနေနှင့် လမင်းနှင့် တစ်နေ့လုံး နေပေးမည်။

သို့သော်. . .တစ်ခုမှ မဟုတ်။

အခုတော့ လမင်း၏အပြုအမူများသည် သူ ထင်မထားသည့် ပုံစံတွေဖြစ်၍နေသည်။ ကားတံခါးဖွင့်ကာ အောက်ကို ဆင်းပြီးနောက်. . .ကားရှေ့ခန်းတွင် ထိုင်ကာနေသော သူ့ကို တစ်ချက်မှ လှည့်မကြည့်ဘဲ သူပြောသည့် **Lake Front** ကော်ဖီဆိုင်ကလေးသို့ လမင်းက လျှောက်သွားပြီ ဖြစ်သည်။ ဇော်လတ်က လျှောက်သွားသော လမင်း၏ကျောကိုငေးကာ ဒေါသနှင့် မာနတို့ ဝုန်းခနဲဆူပွက်လာပြီး ရှေ့ခန်းမှထွက်ကာ ကားတံခါးကို ဝုန်းခနဲ စောင့်ပိတ်ပစ်လိုက်သည်။

ကားတံခါးပိတ်သံ ဝုန်းခနဲကြားရသော်လည်း လမင်း

mgyoe.com

mgyoe.com

လုံးဝနောက်သို့ လှည့်မကြည့်။ ခပ်သွက်သွက်သာ လျှောက်လာခဲ့သည်။ အခုလောက်ဆိုလျှင်တော့ သူ့အပြုအမူတွေက တစ်ခုခုကို စိတ်မလိုမကျ ဖြစ်နေသော. . .စိတ်ဆိုးနေသော တစ်ခုခုကို ဆုံးဖြတ်ပြီးသား ဖြစ်နေသော မိန်းကလေးတစ်ယောက်နှင့် အတော့်ကို တူနေပြီဟု လမင်း ကျေနပ်စွာ တွေးလိုက်မိသည်။ ဆိုင်လုံးအပြည့် မှန်အညိုတွေ ကာထားသော ဆိုင်ရှေ့ကိုရောက်တော့ သူမနှင့် မလှမ်းမကမ်းမှ လိုက်လာသောဇော်ကို မှန်ရိပ်ထဲမှာ လှမ်းတွေ့လိုက်ရ၏။ လမင်းကျေနပ်ကာသွားသည်။

မှန်တံခါးကို ခပ်ဆတ်ဆတ်တွန်းဖွင့်ကာ အထဲသို့ဝင်လိုက်ပြီး ရွှေငါးကလေးတွေထည့်ထားသော မှန်ပုံးနံဘေးက ကပ်နေသော ထိုင်ခုံမှာ ဝင်ထိုင်ဖို့ ရွေးချယ်နေတုန်း နောက်ကမှ ဇော့်၏ မှန်တံခါးတွန်းဖွင့်သံကို ကြားရသဖြင့် လမင်း ခပ်သွက်သွက် ရွေးချယ်ပြီးသောခုံတွင် ထိုင်ဖို့အသွားမှာ ဘယ်ဘက်နံဘေးက ခုံနှင့် ဝင်တိုက်မိသည်။

အတွေးနှင့် ကော်ဖီခွက်ကို ကောက်မကာ ပထမဦးဆုံး အကြိမ် ကော်ဖီကိုသောက်ရန်ပြင်နေစဉ် မြတ်မိုးထိုင်နေသောခုံကို ဝင်အတိုက်ခံလိုက်ရသဖြင့် နှုတ်ခမ်းသို့ တည်ထားသော ကော်ဖီခွက်မှာ ယိမ်းယိုင်သွားပြီး နှုတ်ခမ်းနှင့် ဦးတည်ချက်လွဲသွားသော် ကော်ဖီများက အင်္ကျီနှင့် ဘောင်းဘီပေါ် ဖိတ်စင်ကုန်သည်။ ကော်ဖီက ပူနေခြင်းထင်မှတ်မထားခြင်းတို့ကြောင့်

mgyoe.com

မြတ်မိုးမို့ လန့်ကာသွား၏။

"အို. . .Sorry. . .နော်. . .Sorry. . ."

မြတ်မိုး အံ့ဩစွာ မော့အကြည့်မှာ ဝင်တိုက်သော ကောင်မလေးက လက်ကလေးပြကာ အထိတ်တလန့်တောင်းပန်ပြီး သူ့ကျောဘက်သို့ လှစ်ခနဲပျောက်ကာ သွား၏။ မြတ်မိုး ကော်ဖီခွက်ကို ပြန်ချကာ နှုတ်ခမ်းနှင့် အင်္ကျီများပေါ်မှ ကော်ဖီစက်များကို အရင်သုတ်ရသည်။

ဘယ်လို မိန်းကလေးလဲ . . .။ အတောင်းပန်ခံရသည့်လူက တောင်းပန်ခြင်းကို အသိအမှတ်မပြုရသေးခင် လှစ်ခနဲ သူ့နောက်ကျောသို့ ဝင်ကာသွား၏။ လှည့်ကြည့်နေလျှင်လည်း မကျေမနပ်ဖြစ်သည်ဆိုသည့် သဘောကို ရောက်သွားဦးမည်။ မြတ်မိုး သက်ပြင်းကိုချကာ တော်တော်စိတ်ဓာတ်ကျသွားရ၏။ ခေတ်ကာလ ကလေးတွေ တယ်လည်း ဆိုးပါလား . . .။

"ဘာသုံးဆောင်ကြမလဲ ခင်ဗျာ. . ."

"ကော်ဖီအေး နှစ်ခွက်. . ."

"ဟမ်ဘာကာရော ခင်ဗျာ. . ."

"အေး. . .၂ ပွဲယူခဲ့ကွာ. . .ကြိုက်တာနဲ့လုပ်"

မှာသာ မှာလိုက်ရသော်လည်း ဇော်လတ်က အစားစားဖို့ ဒီဆိုင်ကိုရောက်လာခဲ့တာမဟုတ်။ မျက်နှာချင်းဆိုင်မှာ ထိုင်ပြီး အညိုရင့်ရောင်မှန်ချပ်ကြီးများမှ အပြင်သို့မြင်နေသော မြင်ကွင်းကို ငေးနေသည့်လမင်းကို တစ်ချက်လှမ်းကြည့်လိုက်ကာ

mgyoe.com

mgyoe.com
စီးကရက်တစ်လိပ်ကို ထုတ်ပြီး အားရပါးရဖွာရှိုက်ရင်း ဇော်လတ်. . .လမင်းကို ကြည့်ကာ စကားကို စ,သည်။

"ကဲ. . .လမင်း ပြော. . .မင်း ကိုယ့်ကို ဘာပြောစရာရှိသလဲ"

လမင်းက မှန်အပြင်က မြင်ကွင်းကိုငေးနေရာမှ ခေါင်းကို ခါရမ်းကာ ဇော်လတ်မျက်နှာကို အေးစက်စွာဖြင့် တည့်တည့် ရင်ဆိုင်ကာ ပြုံးလိုက်သည်။

"လမင်းက ပြောရမှာလား . . .အဲဒီလိုဆိုရင် လမင်းဘက်မှာ ပြောစရာ ဘာစကားမှမရှိဘူး"

"ဟား. . ."

လမင်း၏တုံ့ပြန်စကားကြောင့် ဇော်လတ်လက်ထဲမှ စီးကရက်အသစ်ကို ရှေ့မှပြာခွက်ထဲ ထိုးချေပစ်လိုက်ရင်း စားပွဲခုံကို လက်ဖြင့်ပုတ်သည်။

"လမင်း. . .ကိုယ့်ကို ပြဿနာမရှာနဲ့. . .မင်းမှာ ပြောစရာရှိတယ်ဆိုတာ ကိုယ်သိတယ်"

"မင်းပုံစံက အရင်ကလို မဟုတ်ဘူး. . .ကဲ..ပြော မင်းဘာကို မကျေနပ်တာလဲ"

"လမင်း. . .မကျေနပ်ဘူးလို့ တစ်ခွန်းမှ မပြောရသေးပါလား . . ."

အပြုံးနှင့်ပြောလာသော လမင်းမျက်နှာကို စိတ်ပျက်လက်ပျက်နှင့် ဇော်လတ် လွှဲဖယ်ပစ်လိုက်သည်။ သူမှတ်မိသမျှ

mgyoe.com

ဆိုလျှင် လမင်းထံမှာ အဲဒီလိုမျက်နှာပေးမျိုးကို တစ်ခါမှ မတွေ့ ခဲ့ဘူးပါ။ ဒီနေ့. . .လမင်း ဘာဖြစ်နေတာလဲ . . .။

"လမင်း. . .မင်း ကိုယ်ကို ရစ်မနေနဲ့. . .ကိုယ့်ကို စိတ်ဆိုးနေတာမဟုတ်လား . . ."

"မှားတယ်. . .စိတ်နာနေတာ. . ."

တစ်လုံးချင်း ပြောချလိုက်သော. . .လမင်း၏ စကားကြောင့် ဇော်လတ်မျက်နှာပေါ်မှာ ဒေါသနှင့် မာန ချက်ချင်းခုန်တက်လာသည်ကို တွေ့ရသည်။ တကယ်ဆိုလျှင် လမင်း၏ စိတ်ခံစားမှုကို မကျေနပ်သည့်အဆင့်၊ စိတ်ဆိုးသည့်စကားလုံးတို့လောက်နှင့်ပဲ ဇော်လတ် မျှော်လင့်ထားသည်ကို သိရတော့ လမင်း ဝမ်းနည်းသွားခဲ့တာ အမှန်ပဲ ဖြစ်သည်။ လမင်းနှင့်ဇော်လတ်အကြားမှာ ရှိနေသော သူငယ်ချင်းဆိုသည့် ဝေါဟာရကို ဒီနေ့အဖို့ အကောင်းဆုံးအခိပ္ပါယ်ဖွင့်ဆိုရတော့မည်ဟု လမင်း ဆုံးဖြတ်ချက်ချလိုက်သည်။

"ကောင်းပြီ လမင်း. . .မင်း စိတ်နာနေတယ်ဆိုရင်လည်း အဲဒီစကားလုံးဟာ ကိုယ်နဲ့ပဲ ဆိုင်တယ်၊ ကိုယ့်သူငယ်ချင်းတွေနဲ့တော့ မဆိုင်ဘူး. . .ဘာကြောင့်လဲဆိုတော့ မနေ့ကကိစ္စဟာ ကိုယ့်ရဲ့ဆုံးဖြတ်ချက် သက်သက်မို့လို့ပဲ"

"ကောင်းပြီ ဇော်. . .အဲဒီ သူငယ်ချင်းဆိုတာက လမင်းနဲ့ ဇော့်ကြားမှာ ဘယ်လောက်အထိ အနှောင့်အယှက်ပေးနေဦးမှာတဲ့လဲ. . .ချစ်သူတစ်ယောက်နဲ့ သူငယ်ချင်းတစ်ယောက်

mgyoe.com

ကြားမှာ ကွာဟချက်က ဘယ်လောက်အထိ ကြီးနေဦးမှာလဲ”

စားပွဲထိုးက ကော်ဖီခွက်များ လာချသဖြင့် ဇော်လတ်ပြန်ပြောမည့်စကားကို ခေတ္တရပ်ထားလိုက်ရသည်။ ပူနေသည့်ကော်ဖီခွက်များအတွင်းသို့ ရေခဲထည့်ထားသဖြင့် အေးစက်စွာလောင်ကျွမ်းနေသော ကော်ဖီနှစ်ခွက်လိုပင် ဇော်လတ်နှင့်လမင်းတို့နှလုံးသားများက ပူလောင်နေပြီး၊ မျက်နှာများကရေခဲတုံးလို အေးစက်နေခဲ့ကြသည်။

“ကိုယ့်အတွက် ချစ်သူနဲ့ သူငယ်ချင်းဟာ မတူဘူး. လမင်း. . ဘယ်တော့မှလည်း တူမှာ မဟုတ်ဘူး. . ဒါကို မင်းလည်း သိပါတယ်. . ”

“ဒါပဲလေ. . .လမင်းကလည်း ချစ်သူနဲ့သူငယ်ချင်းကိုမတူစေချင်ပါဘူး. . .ဘယ်တော့မှ မတူစေချင်ဘူး။ ဒါပေမယ့်လမင်း မတူတာနဲ့ ဇော်မတူတာချင်းကလည်း မတူကြဘူး”

“မတူညီမှုနှစ်ခုကလည်း မတူကြဘူးဆိုရင်တော့ တော်တော့်ကို အလှမ်းဝေးသွားပြီ ထင်တယ်။ လမင်း. . .မင်းသိထားဖို့က သူငယ်ချင်းဆိုတာက မင်းမရှိခင်ကတည်းက ကိုယ့်ကိုဖြေသိမ့်မှု၊ ကျေနပ်မှု၊ ပျော်ရွှင်မှုတွေ ပေးခဲ့တဲ့ခံစားမှုတစ်ခုဆိုတာပဲ. . .အဲဒါကို မင်းယုံကြည်ရင်. . .ကိုယ့်ကို နားလည်နိုင်ရမယ်. . .”

ဇော်လတ်စကားကြောင့် လမင်းမျက်နှာ ရဲခနဲဖြစ်သွားခဲ့သည်။ သူသူငယ်ချင်းများနှင့်ယှဉ်လာလျှင် အရာရာ အရှုံး

mgyoe.com

ပေးရဖို့ ဇော်လတ်က အတိအလင်း တောင်းဆိုနေခဲ့ပြီ ဖြစ်သည်။ ချစ်သူ. . .ဆိုသည့် ဝေါဟာရသည် လူတစ်ယောက်အတွက် အခမ်းနား အမြင့်မြတ်ဆုံး ခံစားမှုတစ်ခု မဟုတ်ဘူးလား။ အရာရာနှင့်ယှဉ်လာလျှင်. . .မြတ်နိုးရဆုံး၊ ဦးစား အပေးခံရဆုံး၊ ရပိုင်ခွင့် အများဆုံးသတ်မှတ်ချက်တစ်ခု မဟုတ်ဘူးလား။ ဇော်သည် သူနှင့်ချစ်သူဖြစ်သော်လည်း သူ့ကို အချစ်ဆုံး မဟုတ်ဆိုတာကို လမင်း ခါးသီးစွာ သိလိုက်ရသည်။ ထိုခါးသီးမှုသည် တစ်မုဟုတ်ခြင်း ဒေါသ၊ ဒေါသမှ မာန၊မာနမှပေါက်ကွဲခြင်းဆီသို့ လျှင်မြန်စွာ ကူးစက်လောင်ကျွမ်းသွားခဲ့သည်။

"ဇော်ပြောတဲ့အဓိပ္ပါယ်ဟာ. . .ဇော် သူငယ်ချင်းတွေလောက် လမင်းက ဇော့်အပေါ်မှာ အခွင့်အရေးမရှိဘူး. . .ပိုင်ဆိုင်ခွင့် မရှိဘူးဆိုတဲ့သဘောလား . .ဒါဆိုရင် လမင်းအတွက် ချစ်သူဆိုတဲ့စကားလုံးက ဘာအဓိပ္ပါယ်လဲ . . .ဇော်နဲ့ မကြာခင် လက်ထပ်တော့မယ့် မိန်းကလေးတစ်ယောက်အတွက် ချစ်သူဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ. . .ဘာမဟုတ်တဲ့ ဇော့်သူငယ်ချင်းတွေကို လမင်းက အမြဲအရှုံးပေးနေရတော့မှာလား. . ."

"တော်တော့. . .လမင်း ဘာမဟုတ်တဲ့သူငယ်ချင်းလို့ နောက်ဘယ်တော့မှ မသုံးပါနဲ့ ကိုယ့်သူငယ်ချင်းတွေဟာ ကိုယ့်အတွက် အမြဲတမ်း အဓိပ္ပါယ်ရှိတယ်. . ."

"ဟုတ်လား. . . ဒါဆိုရင် မကြာခင် ဇော်နဲ့လက်ထပ်ရတော့မယ့် ဇော့်ချစ်သူ ဟောဒီက ကျွန်မကရော. .ဇော့်အတွက်

mgyee.com

ဘယ်အတိုင်းအတာထိ အဓိပ္ပာယ်ရှိတယ်လို့ မှတ်ထားရမှာပါလဲရှင်. . .”

လမင်းက မျက်နှာကိုပြုံးကာ ခေါင်းကို ဘယ်ညာခါရမ်းရင်း **Interview** မေးခွန်းမေးသူတစ်ဦး၏လေသံမျိုးနှင့် ဇော်ရှေ့သို့တိုးကာ မေးရင်း အဖြေကို စောင့်၍နေသည်။ လမင်းမျက်နှာထား လေသံနှင့် အပြုအမူကို ကြည့်ကာ ဇော်လတ်ဒေါသမွှန်သွားသည်။ ထိုစကားလုံး. . .လေသံနှင့် အပြုအမူများအားလုံးသည် သူ့ကို တမင်ရွဲ့ကာ စိန်ခေါ်တာ. . .ဟု ဇော်လတ်မှတ်ယူလိုက်သည်။

“မင်း. . .ငါ့ကို မရွဲ့နဲ့ လမင်း. . .ဒီနေ့ မင်းရဲ့စကားတွေအပြုအမူတွေအားလုံးကို ကိုယ် အံ့ဩမိတာအမှန်ပဲ။ မင်း သိပ်သတ္တိရှိနေတယ်. . .ပြီးတော့ မင်း ငါ့ကို စိန်ခေါ်တယ်. . .တမင်ဘာမှ မဟုတ်တာကို ပြဿနာရှာတယ်. . .ဘာကြောင့်လဲဆိုတာတော့ ကိုယ်မသိဘူး၊ ကိုယ်သိတာ တစ်ခုတော့ ပြောမယ်၊ ကိုယ် .လမင်းကို ချစ်တယ်။ ဒါပေမယ့် သူငယ်ချင်းတွေကို ကိုယ်ချစ်တဲ့အချစ်နဲ့တော့ အဲဒီအချစ်ကို ယှဉ်ဖို့ မကြိုးစားပါနဲ့”

ဇော်လတ်စကားဆုံးတော့ လမင်း ရင်ထဲမှာ ဝမ်းနည်းကြေကွဲခြင်းသာ ထီးတည်းကျန်ခဲ့သည်။ ဇော်သည် သူငယ်ချင်းတွေထက် မင်းကို ပိုချစ်တယ် ဆိုသည့်စကားကို ဘာကြောင့်မပြောခဲ့တာလဲ. . .။ ထိုစကားကို ပြောလာလျှင် လမင်း မယုံသော်လည်း ကျေနပ်မိမှာတော့ အမှန်ပင်ဖြစ်သည်။ အခုတော့

mgyee.com

ဇော်သည် သူမကို သူငယ်ချင်းများနှင့် ခြားထားခဲ့သည့်အတိုင်း အတိအလင်း ပြောလာခဲ့ပြီဖြစ်သည်။

"ဒါဆိုရင်. . .ဇော်သိပ်ချစ်တဲ့ သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်ကို ဇော်ချစ်ခဲ့ဖို့သင့်တယ်။ အဲဒါဆို ဇော်လည်း သိပ်စိတ်ချမ်းသာရမှာပဲ. . .လမင်းလည်း မှားသွားတယ်။ ဇော် လမင်းကို ပြောခဲ့တဲ့ ချစ်တယ်ဆိုတဲ့စကားဟာ ဇော့်ဘဝမှာ အားလုံးကို လမင်းပိုင်ဆိုင်ရဖို့လို့ ထင်ခဲ့မိတာ. . .လမင်း သိပ်မှားသွားခဲ့တယ်"

"ဟုတ်တယ်. . .ချစ်သူဆိုတာ လူတစ်ယောက်ရဲ့ ပိုင်ဆိုင်ခွင့်တစ်ခုပါ. . .အားလုံးမဟုတ်ဘူး။ မင်းအိမ်က ရွှေငါးကလေးတွေ၊ နှင်းဆီပန်းပွင့်ကလေးတွေ၊ အင်္ကျီအသစ်ကလေးတွေနဲ့ ခွေးကလေးဖိုးကဲကိုချစ်တဲ့အချစ်တွေကို ကိုယ် မရနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကိုယ်က ရွှေငါးလည်း မဟုတ်ဘူး၊ နှင်းဆီပန်းနဲ့ အင်္ကျီအသစ်လည်း မဟုတ်ဘူး။ ခွေးကလေးဖိုးကဲမဟုတ်လို့ပဲ. . .မင်းလည်း ကိုယ့်အပေါ်အဲဒီလိုပဲ အားလုံးကို ဘယ်နည်းနဲ့မှ မပိုင်ဆိုင်နိုင်ဘူး. . ."

လေးနက်တည်ကြည်စွာ ရှင်းပြနေသော ဇော်လတ်စကားများကြောင့် လမင်း၏ဆုံးရှုံးမှုသည် ပို၍ပို၍ ကြီးမားလာနေသည်ဆိုတာကို လမင်း သတိပြုမိသည်။ ဇော် ရှင်းပြနေသည့်သဘောကို လမင်း တွေးမကြည့်နိုင်တော့။ ချစ်သူကို သူက အရာအားလုံး ပိုင်ဆိုင်ခွင့်ပေးထားပါလျက်နဲ့ ချစ်သူက သူ့



mgype.com

mgyoe.com

ကို အရာအားလုံး ပိုင်ဆိုင်ခွင့်မပေးခဲ့ဆိုသည့်စကားကို လမင်းရင်ကို ချေမွကာ အဆုံးမဲ့နာကျင်သွားစေခဲ့သည်။

"အခုလို. . .အရမ်းနောက်ကျသွားတဲ့အချိန်ကျမှ သိရတာ. . .သိပ်ဝမ်းနည်းဖို့ ကောင်းတယ်. . .သိပ်နာကြည်းဖို့လည်း ကောင်းတယ်. . .ဒါ. . .လမင်း အနိုင်ကျင့်ခံရတာပဲ"

ဝဲစိမ့်တက်လာသော မျက်ရည်ကို. . . ပွင့်ကျမသွားရအောင် ထိန်းရင်း ပြောလိုက်သည့် လမင်းစကားဆုံးတော့ ဇော်လတ်က စိမ်းကားသောအပြုံးကို ပြုံးသည်။

"မင်းကို ကိုယ် အနိုင်မကျင့်ပါဘူး. . .ပြီးတော့ နောက်လည်း မကျသေးပါဘူး. . .မင်းနဲ့ကိုယ်က တရားဝင်စေ့စပ်ထားကြတာမှ မဟုတ်တာ. . .မင်းကို တစ်ဘဝလုံးက အရာရာပုံပေးပြီး ချစ်နိုင်မယ့်ယောကျ်ားမျိုးကို ရှာချင်တယ်ဆိုရင်. . .ရှာလိုက်ပေါ့၊ ကိုယ်ကတော့. . .မင်းကို အရာရာပုံပြီး မပေးနိုင်တာ အမှန်ပဲ. . .စေ့စပ်ထားတယ်ဆိုတဲ့ အသိကို မေ့ထားလိုက်ကြမယ်. . ."

"ဇော်. . ."

"အဲဒါ. . .ကိုယ့်ဆုံးဖြတ်ချက်ပဲ ထပ်ပြောလိုက်ဦးမယ် လမင်း. . .ယောကျ်ားမှန်ရင် မင်းလိုချင်တဲ့ ယောကျ်ားမျိုး. ဟောဒီလောကမှာ တစ်ယောက်မှ မရှိနိုင်ဘူးဆိုတာပဲ. . ."

"ဇော်. . ."

ဇော်က ရှေ့မှစားပွဲကို လက်နှင့်ပုတ်ကာ ဝုန်းခနဲ ထိုင်

mgyoe.com

ရာမှ ထပြီး ထွက်သွားခဲ့သည်။ ရုတ်တရက် လမင်း ငေးကြောင်ကာ နေခဲ့သည်။ အုံ့သြခြင်းအပြင် ရင်ထဲမှာ ဘာမှ ရုတ်တရက် မခံစားရသေး. . .အညိုရောင်မှန်ချပ်ကြီးတွေထဲမှ လှမ်းကြည့်၍ မြင်နေရသော ဇော်သည်. . .နောက်ကို တစ်ချက်မှ လှည့်မကြည့်။ ကားတံခါးကိုဖွင့်ကာ ပြန်ပိတ်ရင်း. . .ကားကို ကန်ဘောင်ပေါ်မှ အရှိန်ပြင်းစွာ ထွက်ကာ လမင်း ထိုင်နေသည့် ဆိုင်နံဘေး ကန်ပတ်လမ်းမှ မောင်းထွက်သွားသည်။

တအံ့တသြ ငေးငိုင်နေရာမှ အသိဝင်လာသည့်အခါ လမင်းမျက်နှာပေါ်မှာ မျက်ရည်တွေ ကျနေပြီဖြစ်သည်။ နှလုံးသားမှာ ရုတ်တရက်ရလိုက်သော ပူလောင်မှုသည် မျက်ဝန်းများအပေါ်သို့ တွားသွားတက်သွားကာ ကစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည့် မျက်ဝန်းမှ မျက်ရည်အဖြစ် ပြောင်းလဲကာ အပြင်သို့ တိုးထွက်သွားခဲ့သည်။

ငိုတယ်ဆိုတာကို မသိလိုက်ရအောင်ပင် လမင်း ငိုလိုက်ရပြီဖြစ်လေသည်။

ဒေါသဖြင့်. . .အော်သံ၊ နာနာကြည်းကြည်း စကားသံ၊ အပြန်အလှန်စွပ်စွဲသံများကို မြတ်မိုး ကြားနေရသည်။ နားထောင်နေခြင်းမဟုတ်သော်လည်း စားပွဲချင်းကပ်လျက်မို့ အလိုလို နားထောင်ပြီးသား ဖြစ်နေခဲ့သည်။ သမီးရည်းစားနှစ်ယောက် ပြဿနာ လာရှင်းတာဖြစ်လိမ့်မည်။ သူ့ထိုင်ခုံကို ဝင်တိုက်သွားသည့်ကောင်မလေးနှင့် မြတ်မိုး မျက်နှာချင်းဆိုင်ဖြစ်

mgyoe.com

သော်လည်း နောက်ကျောပေးထားသော ကောင်လေးနှင့် ကွယ်နေ၍ မျက်နှာကို မမြင်ရ၊ စကားပြောရင်း လွတ်ထွက်လာသော မျက်နှာတစ်စ၊ နဖူးအထက်ပိုင်းလောက်ကိုသာ မြင်ရသည်။

စကားဝိုင်း၏ **Tampo** က ပိုမိုမြင့်တက်ကာ လာနေသည်။ ရုတ်တရက် စားပွဲခုံကို ဝုန်းခနဲလက်ဖြင့်ပုတ်ကာ မြတ်မိုးကို ကျောပေးလျက် ထိုင်နေသည့်ကောင်လေး ထသွားတော့ ကောင်မလေးနှင့် မြတ်မိုး မျက်နှာချင်းဆိုင်မိသွားသည်။ ကောင်မလေးက သူ့ကို မမြင်။ ထသွားသောကောင်လေးကို ကြောင်ငေးကာကြည့်နေ၏။ငေးကြည့်နေသောကောင်မလေး မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲစိမ့်တက်လာတာကို မြတ်မိုး လှမ်းတွေ့ရသည်။ ကောင်မလေးက ဘာကိုမှ သတိမပြုမိသူလို မြတ်မိုးကိုကျော်ကာ ထွက်သွားသောကောင်လေးကို လိုက်ငေးသည်။ နံဘေး အညိုရောင်မှန်ချပ်ကြီးများမှ ဖြတ်မောင်းသွားသောကားကို ငဲ့ကာငေးပြီး ပြန်လှည့်တော့ ကောင်မလေး မျက်နှာမှ မျက်ရည်တွေ လိမ့်ဆင်းနေပြီဖြစ်သည်။

ပတ်ဝန်းကျင်ကို သတိလွတ်ကာ ငိုမိသော လမင်းနှင့် ကြောင်ငေးကာ ကြည့်နေသော မြတ်မိုးတို့ မျက်ဝန်းချင်း ဆုံမိသွားသည်။ အခုမှ အသိစိတ်ပြန်ဝင်ကာ မျက်ရည်တွေနှင့် သူမကို ငေးနေသော ယောကျ်ားတစ်ယောက်ကို မြင်လိုက်ရသဖြင့် လမင်း မွန်ထူကာ ရှက်သွားသည်။ ငိုနေသည့် မိန်းကလေးကို

mgyoe.com

အသိစိတ်လွတ်ကာ ဧေးမိသည်ကို မိသွားသဖြင့် မြတ်မိုးလည်း အားနာခြင်း၊ ရှက်ခြင်းနှင့်အတူ မျက်နှာကို ကမန်းကတန်းငုံ့လိုက်ရသည်။

ဒီနေရာက ထမှကို ဖြစ်တော့မယ်။ သို့သော် စားပွဲက ထတော့မည်ဟု ဆုံးဖြတ်လိုက်တော့မှ. . .အခက်အခဲတစ်ခုကို လမင်း ရင်ဆိုင်ရပြန်သည်။ ပိုက်ဆံ. . .စားဖို့သောက်ဖို့ နှစ်ယောက်စလုံး ရည်ရွယ်ချက်မရှိကြသော်လည်း ဆိုင်ကိုဝင်ထိုင်သည့်အတွက် ထုံးစံအတိုင်း မှာလိုက်ရသော ကော်ဖီအေးနှစ်ခွက်နှင့် ဟမ်ဘာဂါနှစ်ပွဲဖိုးက ရှင်းရဦးမယ်။ ပန်းပင်တွေ ရေလောင်းရာက ထလိုက်လာမိသဖြင့်. . .လမင်းမှာ ပိုက်ဆံမပါ။ ဇော်ကလည်း ဒေါသဖြင့် ထသွားခဲ့သဖြင့် ရှင်းမသွားခဲ့။ ဇော်တင်မဟုတ် လမင်းလည်း သတိမရ။ ဆိုင်နှင့်ကလည်း မရင်းနှီးသဖြင့် လမင်း မကြံတတ်အောင်ဖြစ်သွားသည်။ လမင်း အံကိုကြိတ်လိုက်ကာ ဆုံးဖြတ်ချက်ကို ချလိုက်သည်။ လည်ပင်းမှာဆွဲလာသည့် ဆွဲကြိုးကလေးကိုစမ်းရင်း အတော်ရှက်ဖို့ကောင်းသည်ဆိုတာကိုသိသော်လည်း ဘာကိုမှ ဂရုစိုက်ချင်စိတ် မရှိတော့။ လမင်း ခေါင်းကိုငုံ့ကာ ဆွဲကြိုးကလေးကို ချိတ်မှဖြုတ်သည်။

မြတ်မိုး. . .ဒုတိယအကြိမ် ပြန်ခိုးကြည့်တော့ ဆွဲကြိုးကလေးကို ဖြုတ်နေသော ကောင်မလေးကို တွေ့ရသည်။ မြတ်မိုး အခြေအနေကို နားလည်လိုက်သည်။ ကောင်မလေးက



mgype.com

mgyoe.com

ဘလောက်အင်္ကျီလက်ပြတ်ကလေးကို ဝတ်ကာ ထားသည်။ အင်္ကျီက အိမ်နေရင်း ဝတ်သည့် အင်္ကျီဖြစ်သည်။ ပိုက်ဆံပါလာပုံ မပေါ်။ ထိုစဉ် ကောင်မလေးက စားပွဲထိုးကလေးကို လှမ်းကာ ခေါ်သည်။

"မောင်လေး. . .ဒီဝိုင်းအတွက် ပိုက်ဆံ အစ်မမှာ ပါမလာလို့၊ ဟောဒီ ကြိုးကလေးကို ခဏယူထားပါ၊ အစ်မအိမ်ပြန်ပြီး ပိုက်ဆံယူပြီးမှ လာရွေးပါ့မယ်"

မျှော်လင့်ထားသော စကားမဟုတ်သဖြင့် စားပွဲထိုးကလေး ကြောင်ငေးကာ နေသည်။ ရုတ်တရက် ဘာဆုံးဖြတ်ရမှန်း သိပုံမပေါ်။

"အစ်မ ပိုက်ဆံအိတ်မေ့ကျန်ခဲ့လို့ပါ"

"အာ. . .ဟို. . .ရွှေဆိုရင် ကျွန်တော် ယူထားလို့မရဘူး အစ်မ၊ ဆိုင်ရှင်ကို မေးရဦးမယ်"

"ခဏကလေးဗျာ. . . ဒီဝိုင်းအတွက် ကျသင့်ငွေကို ကျွန်တော်ပေးလိုက်ပါရစေ. . ."

လမင်း မော့ကြည့်တော့ လမင်းနှင့် မျက်နှာချင်းဆိုင်က လမင်းကို ငေးကြည့်နေသည့်လူဖြစ်သည်။ အသက်က (၃၅) နှစ်လောက် ရှိလိမ့်မည်။ အနောက်တိုင်းဝတ်စုံကို သေသေသပ်သပ်ဝတ်ကာ ထားသည်။ ထိုလူ၏မျက်နှာတွင် အားနာခြင်းနှင့် ရှက်ခြင်းတို့ကလည်း ရှိနေသေးသည်။ လမင်း ဆိုင်ထဲကို ဝင်ဝင်ချင်း ဝင်တိုက်မိသော လူလည်းဖြစ်၏။

mgyoe.com

mgyoe.com

"ဟို. . .ရပါတယ်. . .ကိစ္စမရှိဘူး. . .ကျွန်မ ဒါပဲပေးခဲ့ပါ့မယ်"

"ဟာ. . .မဟုတ်တာဗျာ. . .ကျွန်တော်အားလုံးမြင်. . အဲ. . .ဟိုလေ အားလုံးကို နားလည်ပါတယ်၊ ကိစ္စမရှိပါဘူး၊ ဒီပစ္စည်းကိုထားခဲ့ရင် မန်နေဂျာကို သွားပြောရမှာ ဘာညာနဲ့ အလုပ်ရှုပ်ပြီး မကောင်းပါဘူး၊ ငွေကလည်း သိပ်များတာမှ မဟုတ်ဘဲ ကျွန်တော် ပေးလိုက်ပါရစေ. . ."

လမင်း ဘာကို ဆုံးဖြတ်ရမည်ဟု ရုတ်တရက်မတွေး တတ်အောင် ဖြစ်သွားသည်။ သူ ပြောတာ သဘာဝတော့ ကျ သည်။ ဆွဲကြိုးသွားပေးလျှင် အနည်းဆုံး မန်နေဂျာနှင့်တော့ စကားပြောရမည်။ ရှေ့က စစ်ရဲ့လား ဘာလား ပြဿနာက ရှိ သေးသည်။ ပြီးတော့ စားသောက်ဆိုင်ကိုလာပြီး ပိုက်ဆံမပါ လာသည့် မိန်းကလေးဆိုသည့်အကြည့်နှင့် အကြည့်ခံရဦးမည်။ ဖြစ်ခဲ့တဲ့ကိစ္စကို အကုန်လျှောက်ရှင်းပြနေလို့လည်း မဖြစ်သေး။ ဒါပေမယ့် ကိုယ်နဲ့ တစ်ကြိမ်မှ မတွေ့ဖူးသည့် ယောကျ်ားတစ် ယောက်ဆီက ပိုက်ဆံယူဖို့ဆိုတာကလည်း မဟုတ်သေး။ ခုန က လမင်းတို့ဖြစ်ခဲ့သည့် ပြဿနာကို ထိုလူ အကုန်ကြားပြီးဖြစ် လိမ့်မည်။ လမင်း ငိုတာကိုလည်း ထိုလူ တွေ့ထားသေးသည်။ စားပွဲထိုးကလေးကလည်း သူတို့နှစ်ယောက်ကို ရပ်ကာငေးနေ သည်။

"ဒီလိုဗျာ. .ဒီနေ့ မိန်းကလေး တော်တော်စိတ်မကောင်း

mgyoe.com

mgyoe.com
။ရာတစ်ခုကို ကြုံခဲ့ပြီးပြီမဟုတ်လား . . .ထပ်ပြီး စိတ်မကောင်း
ဖြစ်စရာ တစ်ခု ထပ်မယူချင်ပါနဲ့တော့၊ ဆွဲကြိုးထားခဲ့မယ်ဆို
ကာ မဖြစ်သင့်တဲ့ကိစ္စပါ၊ ငွေက ဘာမှမှမဟုတ်တာ ကျွန်တော့်
ကူညီမှုကို အသိအမှတ်ပြုပါဗျာ. . .”

ရည်ရည်မွန်မွန်နှင့် တောင်းပန်စကားကြောင့် လမင်း
။မ်းနည်းသွားသည်။ တစ်ခါမှ မသိတဲ့လူတစ်ယောက်သည်
။င်လျှင် လမင်းအပေါ် နားလည်ပေးနိုင်သည်။ လမင်း ထပ်ပြီး
။မ်းနည်းနာကျင်မှာကို စိုးရိမ်သည်. . .ချစ်သူတစ်ယောက်လုံး
ာတော့ လမင်းကို ရက်ရက်စက်စက် ထားခဲ့ရက်သည်။

ငိုထားသဖြင့်. . .ရဲနေသည့်မျက်ဝန်းထဲမှသွေးကြော
ာလေးများ. . .နီရဲနေသည့်နှာသီးဖျားတို့ဖြင့် ကောင်မလေး
ာ ခေါင်းကို ငုံ့ကာ စဉ်းစားနေသည်။ သူ့အကူအညီကို ငြင်း
ဆိုက်မလားဟု မြတ်မိုး စိုးရိမ်တကြီး ကောင်မလေးမျက်နှာကို
ငးကြည့်တော့ မြတ်မိုး ရင်တစ်ချက်ခုန်ကာသွား၏။ မိတ်ကပ်
ာနပ်ခါး ဘာမှ လိမ်းချယ်မထားသော်လည်း ကောင်မလေး
ျက်နှာက ဖြူနုကာ ချစ်ဖို့ကောင်းပါသည်။ နှုတ်ခမ်းဖူးဖူး၊ နှာ
ာ်းပေါ်ပေါ်၊ မျက်လုံးဝိုင်းဝိုင်း၊ မေးရိုးပြေပြေနှင့် လုံးဝန်းသော
ျက်နှာကလေးဖြစ်သည်။ မြတ်မိုး ရင်ခုန်သွားတာက သိပ်လှ
သောကောင်မလေး၏မျက်နှာပေါ်မှ မျက်ဝန်းနှင့် နှုတ်ခမ်းတို့
ကြောင့်မဟုတ်။ ဆံပင်တိုတိုကလေးကြားထဲက တိုးထွက်နေ
သော နားရွက်ဝိုင်းဝိုင်း၊ ကားကားကလေးကြောင့်သာ ဖြစ်ပါသည်။

mgyoe.com

နားရွက်လေးက ဝိုင်းကာ တော်တော်ကြီးကားပြီး သေ
ကြောလေးတွေ ရဲကာနေ၏။ မြတ်မိုး နားရွက်ကလေးကိုေ
ရင်း. . .စိတ်တွေ လွတ်ထွက်ကာ လာချင်သည်။ ရင်ထဲမှာ ရ
ခုန်သံမြန်ကာ လာ၏။ နားရွက်ဆီက အကြည့်ကို ရွှေ့၍ မရ
ရင်တစ်ခုလုံး တင်းကြပ်ကာ လာသည်။ အသိစိတ်က ရုတ်ခ
ယိမ်းခနဲ လွတ်ထွက်ချင်လာ၏။ ကောင်မလေးက လက်ညှိ
ကလေးဖြင့် နားထင်အစပ်သို့ ဝဲကျနေသော ဆံပင်ကလေးက
နားရွက်နောက်သို့ သိမ်းညှပ်လိုက်ပြီး၊ မြတ်မိုးကို မော့က
ကြည့်တော့မှ မြတ်မိုးလန့်ဖျပ်ကာ မျက်နှာလွှဲရသည်။

"ဟုတ်ကဲ့. . .ဒါပေမယ့် အဲဒီငွေကို ကျွန်မ ဘယ်ဧ
ပြန်ပေးရမလဲ . . ."

လွတ်ထွက်သွားသော အသိစိတ်ကို မနည်း စုစည်းက
မြတ်မိုး ချက်ချင်းစဉ်းစားရသည်။ ပိုက်ဆံကို ပြန်ပေးဖို့ကိ
ပြောနေတာပဲ. . .။

"ကျွန်တော် ဒီဆိုင်မှာ နေ့လယ် ၁ နာရီဆို အမြဲ ကော
လာသောက်လေ့ ရှိပါတယ်။ ဒါပေမယ့် သက်သက်တေ
မလာပါနဲ့ ကိစ္စမရှိပါဘူး. . ."

"မနက်ဖြန်ကို ကျွန်မ ဆက်ဆက်လာပေးပါ့မယ်"

လမင်းက စားပွဲထိုးလေးယူလာသော **Bill** ကိုယူက
သေသေချာချာခေါက်ပြီး မြတ်မိုးရှေ့မှ ထွက်ကာ သွားသည
ရုတ်တရက် မြတ်မိုး အံ့သြကာငေးကြောင်ပြီး ကျန်ရစ်ခဲ့သည

mgyoe.com

mgyoe.com

ပ၊မင်း ရင်ထဲမှာ ဝမ်းနည်းခြင်း၊ ရှက်ခြင်း၊ အားငယ်ခြင်းစသည့်
သည့် ပြင်းထန်သော ခံစားချက်များကြောင့် ဆက်မနေချင်
တော့ဘဲ ထွက်လာခဲ့ခြင်းသာ ဖြစ်ပါသည်။ မြတ်မိုး လမင်းကို
ငေးကြည့်နေရင်း ပိုက်ဆံရှင်းကာ ကျန်ရစ်ခဲ့သည်။

ကန်ဘောင်ပေါ်မှ ကားကိုမောင်းဆင်းလာရင်း မြတ်မိုး
လက်ဖောင်းနံဘေးတွင် လမ်းလျှောက်ကာ သွားနေသော
လမင်းကို တွေ့လိုက်သည်။

"သေလိုက်ပါတော့. . .ငါကလည်း. . .ကော်ဖီဖိုးတောင်
ရှင်းဖို့မရှိတာ. . .သူ ဘယ်လိုလုပ် အိမ်ပြန်မလဲ. . .အိမ်က နီး
ရော နီးရဲ့လား မသိဘူး. . ."

မြတ်မိုး အတွေးနှင့်ပင်. . . .ကားကို အရှိန်လျှော့ကာ
ကောင်မလေးနံဘေးတွင် ဝင်ကာ ရပ်သည်။ လမင်းက မော့
ကြည့်၏။ တစ်လောကလုံး ဘာမှ မရှိတော့သလို ခေါင်းကိုငုံ့ကာ
လမ်းလျှောက်လာခဲ့သည်။

"ဟို. . .ဒီမှာ. . .ကျွန်တော်ကလည်း မေ့သွားလို့ဗျာ. . .
အိမ်ကနီးလား. . .မနီးရင် ကျွန်တော် လိုက်ပို့ပေးပါရစေ"

အနားမှထွက်လာသော စကားသံကိုကြားမှပင် လမင်း
မော့ကြည့်တော့. . .ခုနက ပိုက်ဆံရှင်းပေးသော လူကို တွေ့ရ
သည်။ သူ့မျက်နှာက အားနာကာ ရှက်နေပုံကို လမင်း သတိ
ထားမိသည်။ သူပြောသည့်ကိစ္စကို လမင်း လုံးဝ မစဉ်းစားမိ။
ဘာကိုမှ မတွေးမိဘဲ ဝမ်းနည်းခြင်းတစ်ခုတည်းနှင့်သာ လမင်း

mgyoe.com